မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၁၄ ရက်၊ ၂၀၀၉ ခုနှစ်၊ ဧပြီ ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၈)၊ အမှတ် (၁၉၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စွန့်ပစ်ပစ္စည်းများအသုံးပြု၍ ဇီဝဘက်ထရီပြုလုပ်ပြီး လွယ်ကူစွာ မီးထွန်းနိုင် ၂၀၀၉ ခုနှစ်ကို ကျေးရွာရှိ အိမ်တိုင်းမီးလင်းရေး ရည်မှန်းချက်ထားပြီး စီမံဆောင်ရွက်

ကျေးရွာများတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေး မိဘဆရာ ညှိနှိုင်းဖော်ဆောင် လူတိုင်း အနာရောဂါကင်းရှင်းပြီး အသက်ရှည်စွာနေနိုင်ရေး ကျန်းမာရေး အသိပညာပေး ရောဂါကာကွယ်နည်းများ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းသင်ကြား

နေပြည်တော် ဧပြီ ၇

ဧရာဝတီတိုင်း ပုသိမ်မြို့၌ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ဧပြီ ၆ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၇ နာရီ မိနစ် ၄၀ တွင် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာသို့ ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ထို့နောက် ရှင်းလင်းဆောင်၌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က စက်ဆန်းကျေးရွာဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒိုင်းမွန်းမာကျူရီကုမ္ပဏီဥက္ကဋ္ဌ ဦးစိန်လွင်က စက်ဆန်းကျေးရွာ၌ လူနေအိမ်များနှင့် ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းဆောင်များ ဆောက်လုပ်ပြီးစီးမှုနှင့် ဧရာကျေးရွာ၌ Cyclone Shelter ဆောက်လုပ်နေမှုတို့ကိုလည်းကောင်း၊ မြန်န္တာဆောက်လုပ်ရေးကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးအေးလင်းက (၁၆)ခုတင်ဆံ့ ဆေးရုံ တည်ဆောက်နေမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဇီဝဘက်ထရီ

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ကျေးရွာဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖများအား လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ကျောင်းအုပ်ဆရာကြီးနှင့် ဆရာမများအားလည်းကောင်း ဇီဝဘက်ထရီဖြင့် မီးထွန်းနိုင်မှုနှင့် ဇီဝဘက်ထရီပြုလုပ်နည်းတို့ကို ရှင်းလင်းပြသကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖျာပုံမြို့နယ် ဒေါငြိမ်းကျေးရွာ၌ ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်နေသည့် **Cyclone Shelter** နှင့် အသက်ကယ်ကုန်းမြင့် မြေသားလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဧပြီ ၈ ရက်)

မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဖော်ညွှန်းမည့် မဟာသင်္ကြန်ပွဲတော် ယဉ်ကျေးမှုဓလေ့စရိုက်များ မပျောက်ပျက်ရန် ဝိုင်းဝန်းထိန်းသိမ်း

မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စုများ တပေါင်းတစည်းတည်း စုပေါင်းနေထိုင်သော ပြည်ထောင်စုကြီးဖြစ်သည်။ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့စရိုက်များကအစ သယံဇာတအဆုံး တိုင်းရင်းသားတို့၏ ကိုယ်ပိုင်ဥစ္စာရတနာဖြစ်လေရာ မြန်မာ့သင်္ကြန်ဓလေ့ကို လက်ဆင့်ကမ်းထိန်းသိမ်းရန် တာဝန်သည် တိုင်းရင်းသားပြည်သူတို့၏ တာဝန်လည်းဖြစ်သည်။

မြန်မာ့သင်္ကြန်သည် တိုင်းရင်းသားထုအတွင်း ရေမြေဒေသကြောင့် အနည်းငယ်ကွာခြားမှုရှိသော်လည်း အခြေခံတူညီသော ဓလေ့စရိုက်သည် နှစ်ပေါင်းရာချီ တည်တံ့ခဲ့ပြီးဖြစ်သည်။

ရခိုင်တိုင်းရင်းသားများသည် ရခိုင်သင်္ကြန်ဓလေ့ဖြစ်သော လောင်းလှေတစ်စင်းတွင် ရေအပြည့်ဖြည့်ကာ လုလင်ပျိုနှင့်လုံမပျိုတို့ လောင်းလှေ၌ မျက်နှာချင်းဆိုင်ပြီး ရေကစားသည့်ဓလေ့၊ ဖယောင်းနံ့သင်းသည့် သင်္ကြန်ထမင်းကျွေးမွေးသော မွန်တိုင်းရင်းသားတို့၏ သင်္ကြန်ဓလေ့၊ သမန်းကျားအကဖြင့် ရန်ပုံငွေရှာ၍ သက်ကြီးပူဇော်ပွဲ၊ စတုဒိသာကျွေးပွဲတို့ကို ကျင်းပလေ့ရှိသော ထားဝယ်ဒေသနှင့် မြိတ်ဒေသနေ တိုင်းရင်းသားတို့၏ ဓလေ့ စသည်တို့သည် မြန်မာ့သင်္ကြန်ပွဲတော်တွင် တိုင်းရင်းသားများ ပျော်ရွှင်စွာ ဆင်နွှဲလေ့ရှိသည့် ရိုးရာဓလေ့များဖြစ်ကြသည်။

သင်္ကြန်ဟူသောစကားသည် သင်္ကြန္တဟူသော သက္ကတစကားနှင့် သင်္ကန္တဟူသော ပါဠိစကားတို့မှ ပြောင်းလဲဆင်းသက်ခဲ့ခြင်း ဖြစ်သည်။ ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရပြီး နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းခြင်းလည်း ဖြစ်သည်။

မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်သည် ပျော်ရွှင်ရုံသက်သက်သာမက မြန်မာတို့၏ရိုးရာယဉ်ကျေးမှု သိမ်မွေ့သော ဓလေ့စရိုက်လက္ခဏာများ လွှမ်းခြုံသော ပွဲတော်လည်းဖြစ်သည်။

သင်္ကြန်ကာလသည် မြန်မာ့ ၁၂လရာသီကာလတွင် တန်ခူးလရာသီဖြစ်ကာ ရာသီပန်းများအနေဖြင့် ကံ့ကော်ပန်း၊ ရင်ခတ်ပန်းနှင့် ပိတောက်ပန်းတို့ ပွင့်လန်းပြီး သင်္ကြန်မိုးနှင့်အတူ ပိတောက်ပန်းများ ပင်လုံးကျွတ်မျှ ဖူးပွင့်ဝေဆာသော အချိန်ကာလဖြစ်သည်။

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်သည် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများကို ဖော်ညွှန်းလျက်ရှိပေရာ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို မပျောက်ပျက်ရန် မျိုးဆက်သစ် လူငယ်များ အပါအဝင် တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၄-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**မင်္ဂလမင်္ဂဉာဏ ဒဿနဝိသုဒ္ဓိ** တရားတော် (သဇင်ရေကျော်ဆရာတော် အရှင်ဉာဏောဘာသ)
၈:၀၀-၂:၀၀	Industrial Talk [ပါမောက္ခဒေါက်တာဝင်းမော်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၈:၃၅-၂:၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၀၀-၃:၀၀	စစ်ကိုင်းဂုဏ်တင် ဆွမ်းဦးပုညရှင်
၉:၁၀-၃:၁၀	ခါသင်္ကြန်အဆိုအက
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ "ရိုက်ကွင်းဘုရင်"
၉:၅၀-၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀-၄:၀၀	Midweek Sports News
၁၀:၁၅-၄:၁၅	ခါသင်္ကြန်အဆိုအက
၁၀:၂၀-၄:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅-၄:၂၅	Study Guide (ရုပ်ရှင်သရုပ်ဆောင်သင်တန်း)
၁၀:၅၅-၄:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅-၅:၀၅	ရထားပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်နိုင်ရန် အထောက်အကူပြုမည့် ကွန်ကရစ်ဇလီဖားစက်ရုံ (မုတ္တမ)
၁၁:၃၅-၅:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀-၅:၄၀	Fashion Fever (လေးထပ်ကွမ်းအကယ်ဒမီ ချိုပြုံးနှင့်တွေ့ဆုံခြင်း)
၁၂:၀၀-၆:၀၀	ခါသင်္ကြန်အဆိုအက
၁၂:၁၀-၆:၁၀	တို့ကမ္ဘာမြေ သာယာဖို့ ကြွပ်ကြွပ်အိတ်ကို ငြင်းပယ်စို့
၁၂:၁၅-၆:၁၅	ခါသင်္ကြန်အဆိုအက
၁၂:၂၅-၆:၂၅	Myanmar Video Rhythm
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champions League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁:၃၀	Liverpool-Chelsea	ESPN (Live)
၁:၀၀	Barcelona -Bayern Munich	Star Sports (Live)

မြဝတီရုပ်မြင်သံကြား

၈-၄-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	မြန်မာသင်္ကြန်

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၀	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၁၅	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၂၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မြန်မာသင်္ကြန်
၆:၃၀	၁၄။	လျှပ်တစ်ပြက်
၆:၄၅	၁၅။	ကာတွန်းအစီအစဉ် **ပိုးကောင်ကလေးများရဲ့အတွေး** (အပိုင်း-၉)
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြိုးမြတ်သူတို့နှလုံးသား** (အပိုင်း-၃၇)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	မြန်မာသင်္ကြန်
	၂၀။	ဖြေလိုက်ပါ
	၂၁။	ICT သုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အမှန်တရားရဲ့ဘက်တော်သား** (အပိုင်း-၁၀)

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့် တက်ရောက်ဖွင့်လှစ်

နေပြည်တော် ဧပြီ ၇

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်(တောင်ကြီး) ဖွင့်ပွဲအခမ်းအနားကို မတ် ၂၈ရက် နံနက် ၉နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်က အထူးဈေးရောင်းပွဲတော်မုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

တိုင်းမှူးသည် မတ် ၃၀ရက်တွင် ညောင်ရွှေမြို့ အင်းလေးကန်သို့ရောက်ရှိပြီး သဲနုန်းတူးဖော်ခြင်း၊ ဗေဒါနှင့်ကိုင်းများ ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများကို ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြား ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် အေးသာယာစက်မှုဇုန်သို့ရောက်ရှိပြီး Top Star သစ်အချောထည်စက်ရုံ၊ သတ္တုသန့်စင်စက်ရုံ၊ မြန်မာအင်းလေး ခရမ်းချဉ်သီးထွက် စားသောက်ကုန်ပစ္စည်းစက်ရုံ၊ အောင်ကြာဖူး ပြောင်းအခြောက်ခံစက်ရုံနှင့် အောင်မြတ်ကုမ္ပဏီ သကြားစက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်သစ်ကူးပွဲတော် ကာလအတွင်း ယာဉ်စီးခပိုမိုတောင်းခံသော ယာဉ်လိုင်းများ စစ်ဆေးတွေ့ရှိက အရေးယူမည်

ရန်ကုန် ဧပြီ ၇

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ပြေးဆွဲလျက်ရှိသော ခရီးသည်ပို့ဆောင်ရေး မှန်လုံမော်တော်ယာဉ်လိုင်းများသည် နှစ်သစ်ကူးပွဲတော် မဟာသင်္ကြန်ရက် ရုံးပိတ်ရက်ကာလဖြစ်သည့် ဧပြီ ၁၁ရက်မှ ၂၁ရက်အတွင်း သတ်မှတ်ခရီးစဉ်အလိုက် ခွင့်ပြုထားသည့် ယာဉ်စီးခနှုန်းထားထက် ပိုမိုကောက်ခံသည့် ယာဉ်လိုင်းများကို ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်ပြီး အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို မတ် ၃၁ရက်တွင် မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီရုံး အစည်းအဝေးခန်းမ၌ မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးမောင်ချစ်က ပြည်နယ်တွင်း/ပြည်နယ်ကျော် မှန်လုံမော်တော်ယာဉ်လိုင်း တာဝန်ခံများအား တွေ့ဆုံကာ ရှင်းလင်းပြောကြားသည်။

အရေးယူမည်

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအနေဖြင့် နှစ်စဉ် နှစ်သစ်ကူးပွဲတော် မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများ သွားလာမှု များပြားခြင်းအပေါ် ယာဉ်လိုင်းများက သတ်မှတ်ယာဉ်စီးခနှုန်းထားထက် ပိုမိုတောင်းခံရယူနေခြင်းများကြောင့် ယခုနှစ်တွင် ယာဉ်စီးခ ပိုမိုတောင်းခံရယူခြင်းမရှိစေရေးအတွက် ကြိုတင်အသိပေးထားရှိပြီး ယာဉ်စီးခနှုန်းထား ပိုမိုတောင်းခံကြောင်းကို ခရီးသည်များမှ တိုင်ကြားသည်ဖြစ်စေ၊ မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက စစ်ဆေးတွေ့ရှိသည့်အခါဖြစ်စေ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ယာဉ်စီးခ ပိုမိုတောင်းခံသည့် ငွေကိုလည်း ခရီးသည်အား ပြန်အမ်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဒဂုံမြို့သစ်(အရှေ့ပိုင်း) ပြန်/ဆက်ဦးစီးဌာန စာကြည့်တိုက်နှစ်ပတ်လည်နှင့် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် ဧပြီ ၇

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဘဝရှေ့ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်လှစ်ခြင်း၊ လေးနှစ်မြောက်နှစ်ပတ်လည်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဧပြီ ၄ ရက်က အဆိုပါစာကြည့်တိုက်တွင် ကျင်းပရာ မြို့နယ်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီ ဦးကိုကိုစိုးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်က စာကြည့်တိုက်ရှင်သန်ခိုင်မာရေးအကြောင်း ရှင်းလင်း၍ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မျိုးသန်းက ကျေးဇူးတင်စကား ပြောကြားသည်။ **(အောက်ပုံ)**

ဖတ်ကြားဆွေးနွေး

ဆက်လက်၍ စာဖတ်ဝိုင်းကျင်းပရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးအောင်ပုက အသိပညာတိုးပွားရေး ကျေးရွာစာကြည့်တိုက်များ တိုးမြှင့်ထူထောင်ဆောင်းပါးကို ဖတ်ကြားဆွေးနွေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

✻ ကျောဖုံးမှ

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။

ထို့နောက် အေးရှားဝေါလ်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းမြင့်နိုင်က စင်ကာပူသမ္မတနိုင်ငံ CPG Consultants Pte., Ltd. နှင့် လေဆိပ်ဒီဇိုင်းရေးဆွဲမှု၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေး စီမံကိန်းကို အဆင့်သုံးဆင့်ဖြင့် တည်ဆောက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

အဆင့်မြှင့်တင်

ယင်းနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် ယနေ့ နေပြည်တော်လေဆိပ်ကို အပြည်ပြည်ဆိုင်ရာ လေဆိပ် အဆင့်မြှင့်တင် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း စတင်မည့် ပိုင်တိုင်ရိုက် မင်္ဂလာအခမ်းအနားဖြစ်ကြောင်း။

နိုင်ငံတော်၏ အုပ်ချုပ်ရေးမြို့တော်ဖြစ်သည့် နေပြည်တော်တည်ဆောက်ရေး စီမံကိန်း စတင်ခြင်းမပြုသေးမီကပင် ဖြစ်ပေါ်လာမည့် နေပြည်တော် အဆင်းအင်္ဂါရပ်နှင့်အညီ ယခုလက်ရှိ နေပြည်တော် လေယာဉ်ကွင်းသစ်ကို ကြိုတင်တည်ဆောက်ခဲ့ကြောင်း။

တိုးတက်ဖြစ်ထွန်း

ယခုအခါ နေပြည်တော် တည်ဆောက်ရေးလုပ်ငန်းများလည်း အတန်အသင့်ပြီးစီးနေပြီး နေပြည်တော် ဗဟိုပြု ဆက်သွယ်သွားလာမှု ရထားလမ်း၊ ကားလမ်းကွန်ရက်များလည်း တစ်စတစ်စ တိုးတက်ဖြစ်ထွန်းလျက်ရှိနေပြီ ဖြစ်ကြောင်း။

ထို့အပြင် နေပြည်တော်တွင် နိုင်ငံတော်အဆင့် အခမ်းအနားများ ကျင်းပနိုင်သည့် အခြေခံအဆောက်အအုံများကို တည်ဆောက်ပြီးဖြစ်၍ အခမ်းအနားများလည်း ကျင်းပနေပြီဖြစ်ရာ နိုင်ငံခြားသံတမန်များ၊ သံရုံးဝန်ထမ်းများလည်း ဆက်သွယ်လာရောက်လျက်ရှိနေကြောင်း။

အသုံးပြုလျက်ရှိ

ယင်းအပြင် နေပြည်တော်သို့ နိုင်ငံတကာမှ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ ဧည့်သည်တော်များ၊ ချစ်ကြည်ရေးခရီးစဉ်များ လာရောက်လျက်ရှိပြီး အဆိုပါခရီးစဉ်များတွင်လည်း လက်ရှိ နေပြည်တော်လေဆိပ်ကို အသုံးပြုလျက်ရှိကြောင်း။

သို့ရာတွင် နေပြည်တော်လေဆိပ်၏ လက်ရှိအနေအထားအရ လေယာဉ်ကြီးများ ဆင်းသက်ရန်နှင့် အခြားသောဝန်ဆောင်မှု လုပ်ငန်းများအတွက် အကန့်အသတ်များ ရှိနေခြင်းကြောင့် နေပြည်တော်လေဆိပ်ကို နိုင်ငံတကာအဆင့်မီဖြစ်အောင် အဆင့်မြှင့်တင် ဆောင်ရွက်ရန် လိုအပ်လာပါကြောင်း။

ယခုတည်ဆောက်မည့် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေးစီမံကိန်းကို အဆင့်သုံးဆင့်ဖြင့် အကောင်အထည်ဖော်သွားရန် စီစဉ်ထားပြီး စီမံကိန်းအဆင့် ပထမအဆင့်တွင် တစ်နှစ်လျှင် ခရီးသည် ၃ဒသမ ၅သန်းခန့် ဝင်ထွက်သွားလာနိုင်မည့် ဝန်ဆောင်မှု လုပ်ငန်းများ အတွက် လိုအပ်မည့်အဆောက်အအုံများကို ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ ယခုတည်ဆောက်မည့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်ကို နေပြည်တော်အတွက်သာမက နိုင်ငံတော်အတွက်ပါ ဂုဏ်ဆောင်မည့် အဆောက်အအုံကြီးအဖြစ် စံချိန်စံနှုန်းမီမီဖြင့် သတ်မှတ်ကာလများအတိုင်း ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံပန္နက်တင်တွင်းတော်ဝန်း(ပိုင်ရိုက်) မင်္ဂလာအခမ်းအနား ကျင်းပမည့်နေရာသို့ သွားရောက်နေရာယူကြသည်။

အမွှေးနံ့သာရည်များပက်ဖျန်း

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့သည် မင်္ဂလာအချိန်တွင် သတ်မှတ်နေရာများ၌ ပန္နက်တော်ရိုက်တင်ပေးကြပြီး ပန္နက်တော်များကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)က ပထမရတနာပိုင်တိုင်တော်ကို စက်ခလုတ်နှိပ်၍ ရတနာပိုင်ကိုးချက် ရိုက်တင်ပေးသည်။

ဆက်လက်၍ ဒုတိယရတနာပိုင်တိုင်တော်ကို စက်ခလုတ်နှိပ်၍ ရတနာပိုင်ကိုးချက်ရိုက်တင်ပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံ ပန္နက်တော်တင်တွင်းတော်ဝန်း(ပိုင်ရိုက်) မင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးပေးပြီး မင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံ ပန္နက်တင်တွင်းတော်ဝန်း(ပိုင်ရိုက်) မင်္ဂလာအခမ်းအနားတွင် သတ်မှတ်နေရာ၌ ပန္နက်တော်ရိုက်တင်ပေးစဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံပန္နက်တင်တွင်းတော်ဝန်း(ပိုင်ရိုက်) မင်္ဂလာအခမ်းအနားတွင် သတ်မှတ်နေရာ၌ ပန္နက်တော်ရိုက်တင်ပေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ ပြည့်နှစ် နှောင်းတန်ခူးလဆန်း ၁၄ ရက် (အဖိတ်နေ့)
၈-၄-၂၀၀၉ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၀၅ ၆။ နွေအတွက်စိုက်ပျိုးမခက် အလင်းပါဆောင်မည့် ခပေါင်းရေလှောင်တမံ
- ၈:၁၅ ၇။ ခါသင်္ကြန်အဆိုအကများ
- ၈:၃၀ ၈။ International News
- ၈:၄၀ ၉။ အတီးပြိုင်ပွဲ
- ၈:၄၅ ၁၀။ **ချောင်းကမ်းဘေးကရွာကလေး** တီကို၊ ထင်ပေါ်၊ နွဲ့နွဲ့စန်း၊ မြင့်မြင့်ခိုင်၊ သဇင် ဒါရိုက်တာ-မြင့်စိုး(ဝ/သ)
- ၈:၅၀ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၄:၂၅ ၃။ သီချင်းကြီးပဒေသာ
- ၄:၃၅ ၄။ **သတိတစ်ချက်တစ်သက်အမှား** ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင် (ဒါရိုက်တာ-စောစန္ဒာလှိုင်)
- ၄:၄၅ ၅။ တေးဂီတအစီအစဉ်
- ၅:၀၀ ၆။ ခါသင်္ကြန်အဆိုအကများ
- ၅:၁၅ ၇။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅:၃၀ ၈။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၃၅ ၉။ တေးဂီတအစီအစဉ်
- ၅:၅၅ ၁၀။ ခါသင်္ကြန်အဆိုအကများ
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ မြန်မာ့ခလေ့ရိုးရာလက်ဝှေ့
- ၆:၅၀ ၁၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇:၁၅၁၅။ ရှုသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၇:၄၅ ၁၆။ ခါသင်္ကြန်အဆိုအကများ
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
  - ၁၈။ နိုင်ငံတကာသတင်းများ
  - ၁၉။ မိုးလေဝသအခြေအနေ
  - ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေချစ်သက်တည်** (အပိုင်း-၁၃)
  - ၂၁။ မြန်မာဗီဒီယိုဇာတ်လမ်း **ညာ-ဗြို** လွင်မိုး၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-မောင်သီ)
  - ၂၂။ အစီအစဉ်ပြီး၏။

ရန်ကုန်-မန္တလေးလမ်းပိုင်း၌ သင်္ကြန်အထူးရထား အစုန်/အဆန် နှစ်စင်း ပြေးဆွဲမည့်အစီအစဉ်

နေပြည်တော် ဧပြီ ၇

မြန်မာ့မီးရထားမှ သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် သင်္ကြန်အထူးရထားနှစ်စင်း ပြေးဆွဲပေးမည်ဖြစ်သည်။

စတင်ထွက်ခွာ

အဆိုပါသင်္ကြန်အထူးရထားများကို ဧပြီ ၅ရက် နံနက်၄နာရီတွင် မန္တလေးဘူတာမှ စတင်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ ထိုနေ့ညနေ၆နာရီ ၁၀မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ ဧပြီ ၆ရက်တွင် သင်္ကြန်အထူးရထား(၁)သည် ရန်ကုန်ဘူတာမှ နံနက် ၄နာရီခွဲတွင် စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ ထိုနေ့ညနေ ၆နာရီ မိနစ် ၄၀တွင် လည်းကောင်း၊ သင်္ကြန်အထူးရထား(၂)သည် မန္တလေးဘူတာမှ နံနက် ၄ နာရီတွင် စတင်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ ထိုနေ့ညနေ ၆နာရီ ၁၀မိနစ်တွင် လည်းကောင်း ရောက်ရှိမည်ဖြစ်သည်။

အဆိုပါအထူးရထားနှစ်စင်းသည် ဧပြီ ၇ရက်နှင့် ၈ရက်တို့တွင် ရန်ကုန်-မန္တလေး အစုန်/အဆန် ပြေးဆွဲသွားမည်ဖြစ်သည်။

ပြေးဆွဲမည်

ဧပြီ ၁၃ရက်တွင် အထူးရထား(၂)ကို ရန်ကုန်ဘူတာမှ မန္တလေးဘူတာသို့ လည်းကောင်း၊ ဧပြီ၁၇ရက်တွင် အထူးရထား(၂)သည် မန္တလေးဘူတာမှ ရန်ကုန်ဘူတာသို့လည်းကောင်း၊ အထူးရထား(၁)သည် ရန်ကုန်ဘူတာမှ မန္တလေးဘူတာသို့ လည်းကောင်း၊ ဧပြီ ၁၈ရက်တွင် အထူးရထား(၁)သည် မန္တလေးဘူတာမှ ရန်ကုန်ဘူတာသို့လည်းကောင်း၊ အထူးရထား(၂)သည် ရန်ကုန်ဘူတာမှ မန္တလေးဘူတာသို့ လည်းကောင်း၊ ဧပြီ ၁၉ရက်တွင် အထူးရထား(၂)သည် မန္တလေးဘူတာမှ ရန်ကုန်ဘူတာသို့လည်းကောင်း အထက်ဖော်ပြပါ အချိန်များအတိုင်း ပြေးဆွဲသွားမည်ဖြစ်သည်။

အထက်ပါ သင်္ကြန်အထူး(အစုန်/အဆန်)ရထားများကို ပဲခူး၊ တောင်ငူ၊ နေပြည်တော်ပျဉ်းမနား၊ သာစည်ဘူတာများ၌သာ ရပ်တန့်သွားမည်ဖြစ်ပြီး ဧပြီ ၁၄ရက်မှ ၁၆ရက်အထိ သင်္ကြန်ကာလအတွင်း ပြေးဆွဲခြင်း ရပ်နားထားမည်ဖြစ်ရာ ခရီးသွားပြည်သူများ အချိန်မီသိရှိစေရန် ကြိုတင်အသိပေး ကြေညာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီစည်းဝေး

ရန်ကုန် ဧပြီ ၇

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ် ၆ရက်က မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ပို့ဆောင်ရေးညှိနှိုင်းမှု ကော်မတီဥက္ကဋ္ဌ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်မောင်မောင်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများနှင့် ယာဉ်လိုင်းတာဝန်ခံများ၏ တင်ပြချက်အပေါ် မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီ အတွင်းရေးမှူး ဦးမောင်ချစ်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး မွန်ပြည်နယ် ပို့ဆောင်ရေးညှိနှိုင်းမှုကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ရဲတပ်ဖွဲ့မှူးက ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာကာသသို့ ခရီးသွားလိုသူများ စာရင်းပေးသွင်းနိုင်ပြီ

သတင်းမှတ်စု - မိုးမြင့်လင်းလက်

ယနေ့နိုင်ငံတကာတွင် ခရီးသွားလုပ်ငန်းများ ခေတ်စားလျက်ရှိရာ ထူးထူးခြားခြား အာကာသသို့ ခရီးသွားလိုသူများအတွက် အမည်စာရင်းပေးသွင်းနိုင်ကြပြီဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ ဗီယင်နာမြို့အခြေစိုက် အာကာသခရီးသွားလုပ်ငန်းကုမ္ပဏီမှ ဧပြီ ၆ရက်က ဖိတ်ခေါ်လိုက်ပြီဖြစ်သည်။

ဖိတ်ခေါ်

နိုင်ငံတကာ အာကာသစခန်းသို့ လာမည့်စက်တင်ဘာလကုန်၌ ခရီးစဉ်တစ်ခု ပျံသန်းရန် စီစဉ်ထားရာ နိုင်ငံတကာမှ သန်းကြွယ်သူဌေးများအား အာကာသခရီးသွားဧည့်သည်အဖြစ် လိုက်ပါရန် ဖိတ်ခေါ်လိုက်ခြင်းပင်ဖြစ်သည်။

ဒေါ်လာ ၂၅ သန်း

လောလောဆယ်တွင် ကာဇက်စတန်နိုင်ငံသား သန်းကြွယ်သူဌေးတစ်ဦးအား နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ သယ်ယူပို့ဆောင်ပေးထားသည်။ အာကာသခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ ၂၅သန်း ပေးဆောင်ရမည်ဖြစ်သည်။

ယခု အာကာသသို့ပျံသန်းမည့် ခရီးစဉ်တွင်လည်း ရုရှားလုပ် ဆိုယုဇ်အာကာသယာဉ်နှင့် သယ်ဆောင်ပေးသွားမည်ဖြစ်သည်။

"မိမိတို့အနေဖြင့် စက်တင်ဘာ ၃၀ရက်တွင် အာကာသခရီးစဉ် ပျံသန်းရန်စီစဉ်ထားကြောင်း အာကာသခရီးသွားလုပ်ငန်း ကုမ္ပဏီဥက္ကဋ္ဌ အဲရစ်အန်ဒါဆင်က ပြောကြားသည်။

ယခု အာကာသခရီးစဉ်နှင့် ပတ်သက်ပြီး နာဆာနှင့် ရုရှားအာကာသအေဂျင်စီတို့ပူးပေါင်းကာ အာကာသခရီးစဉ်ကို စီစဉ်ခြင်းဖြစ်သည်။ အာကာသခရီးသွားလုပ်ငန်းအနေဖြင့် မကြာမီ အာကာသသို့ ကမ္ဘာလှည့်ခရီးသည်များအဖြစ် သွားရောက်ရေးအတွက် ခရီးသည်ရရှိမှု၊ ကျန်းမာရေးကောင်းမွန်မှု ရှိမရှိကို စစ်ဆေးမှုများ ပြုလုပ်ကြမည်ဖြစ်သည်။

လေ့ကျင့်မှု

အာကာသခရီးသွားလုပ်ငန်းအနေဖြင့် လောလောဆယ်တွင် အာကာသခရီးသည် ဧည့်သည်နှစ်ဦးကို ရွေးချယ်ကာ လေ့ကျင့်မှုများ ပြုလုပ်ပေးလျက်ရှိသည်။ ၎င်းတို့မှာ ဩစတြေးလျနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင် နစ်ဟာလစ်နှင့် အမေရိကန် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးတို့ ဖြစ်သည်။

အဆိုပြုနိုင်ငံ

ရုရှားအာကာသ အေဂျင်စီအနေဖြင့် လာမည့် ၂၀၁၂ခုနှစ် မတိုင်မီ အာကာသခရီးသွား ဧည့်သည်များကို နှစ်စဉ်ပို့ဆောင်ပေးရန် စီစဉ်လျက်ရှိရာ ယခုအခါ အာကာသသို့ လိုက်ပါလည်ပတ်မည့် ခရီးသွားများ အဆိုပြုနိုင်ပြီဖြစ်သည်။

(အင်တာနက်)

စားနပ်ရိက္ခာ အကျပ်အတည်း နိုင်ငံတကာ တည်ငြိမ်မှု ခြိမ်းခြောက်

လန်ဒန် ဧပြီ ၇

စားနပ်ရိက္ခာရှားပါးမှုတွင် စားသောက်ကုန်ဈေးနှုန်းကြီးမြင့်မှုတို့က နိုင်ငံတကာတည်ငြိမ်ရေးကို ခြိမ်းခြောက်လာနိုင်သည့်အတွက် ယင်းသို့မဖြစ်စေရန် ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကမ္ဘာ့စားနပ်ရိက္ခာ ထုတ်လုပ်မှုကို နှစ်ဆတိုးထုတ်ရန် လိုအပ်ကြောင်း စက်မှုထိပ်သီးရှစ်နိုင်ငံ(ဂျီ-၈) စာချုပ်များတင်သွင်းမည့် စားနပ်ရိက္ခာ ဆိုင်ရာစာတမ်းတွင် ဖော်ပြထားသည်ဟု ဖိုင်နယ်ရှယ်တိုင်း သတင်းစာက ဧပြီ ၇ရက်၌ ရေးသားဖော်ပြလိုက်သည်။

ပေါ်ပေါက်

လယ်ယာစိုက်ပျိုးရေးနှင့် လယ်ယာထွက်ကုန်ဈေးကွက်စနစ်များတွင် ချက်ချင်းဝင်ရောက်ကိုင်တွယ်ဖြေရှင်းမပေးလျှင် ဆယ်စုနှစ်အနည်းငယ်အတွင်းတွင်၂၀၀၇ခုနှစ်က အကျပ်အတည်းမျိုး ပြန်လည်ကြုံတွေ့လာမည်ဖြစ်ကြောင်း စာတမ်းတွင် ဖော်ပြပါရှိသည်။ ၂၀၀၇ ခုနှစ် စားနပ်ရိက္ခာဈေးနှုန်းများတက်မှုကြောင့် နိုင်ငံအတော်များများတွင် အဓိကရုဏ်းများဖြစ်ပွားပြီး လူမှုရေးမတည်ငြိမ်မှုများ ပေါ်ပေါက်စေခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်နိုင်ငံ ပေကျင်းမြို့မြောက်ဘက်၌ မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်ကို ဧပြီ ၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပေကျင်းမြို့၌ ထိုင်းရင်းနှီးမြှုပ်နှံမှုအဖွဲ့ ရုံးဖွင့်လှစ်

ဗန်ကောက် ဧပြီ ၇

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဧပြီ ၅ရက်က ထိုင်းရင်းနှီးမြှုပ်နှံမှုအဖွဲ့ (ဘီအိုအိုင်)ရုံးဖွင့်လှစ်ကြောင်း၊ ယင်းသို့ ဖွင့်လှစ်ခြင်းအားဖြင့် ထိုင်းနိုင်ငံအတွင်း တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု ပိုမိုရရှိစေခြင်းပင်ဖြစ်ကြောင်း သက်ဆိုင်ရာရုံးအဖွဲ့က ပြောကြားသည်။

ထပ်မံဖွင့်လှစ်

ပေကျင်းမြို့၌ဖွင့်လှစ်သည့် အဆိုပါ(ဘီအိုအိုင်)အဖွဲ့သည် ဒုတိယမြောက်ဖြစ်ပြီး ရှန်ဟိုင်းမြို့တွင် ထိုင်းနိုင်ငံ၏ ပထမဆုံး(ဘီအိုအိုင်)ရုံး ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း၊ ယခုနှစ် တတိယ သုံးလပတ်အတွင်း တတိယ(ဘီအိုအိုင်)အဖွဲ့ကို ကွမ်ကျိုးမြို့၌ ထပ်မံဖွင့်လှစ်မည်ဖြစ်သည်။

ပြောကြား

ကမ္ဘာ့စီးပွားရေး အကျပ်အတည်းများကြားမှပင် ထိုင်းနိုင်ငံ၌ ပိုမိုရင်းနှီးမြှုပ်နှံရေးကို ၎င်းတို့အနေဖြင့် မျှော်လင့်ထားရှိကြောင်း ထိုင်းစက်မှုဝန်ကြီးဌာန ဝန်ကြီးက ပြောကြားသည်။

ရည်မှန်း

အထူးသဖြင့် တရုတ်နိုင်ငံမှ စက်ပစ္စည်းဆိုင်ရာ သတ္တုတူးဖော်ရေးလုပ်ငန်း၊ ဆေးဝါးဆိုင်ရာနှင့် စွမ်းအင်ကဏ္ဍတို့တွင် တိုးမြှင့် ရင်းနှီးမြှုပ်နှံနိုင်ရေးကို ရည်မှန်းထားရှိသည်။

ထိုင်းနိုင်ငံ၌ ယခုနှစ် အစောပိုင်းကာလအတွင်း တရုတ်နိုင်ငံမှရင်းနှီးမြှုပ်နှံမှုသည် ယခင်နှစ် အလားတူကာလကထက် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၂၁သန်း ၃၄သန်း တိုးမြင့်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ ကျင်းပသည့် ၂၀၀၉အိန္ဒိယအလှမယ်ရွေးချယ်ပွဲတွင် ရွေးချယ်ခံရသည့် အလှမယ်များအား ဧပြီ ၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပြင်သစ်ဆေးဝါးထောက်ပံ့ရေး အလုပ်သမားနှစ်ဦး ဒါဖာဒေသ၌ ပြန်ပေးဆွဲခံရ

ပါရီ ဧပြီ ၇

နိုင်ငံတကာဆေးဝါးထောက်ပံ့ရေးအဖွဲ့၏ နိုင်ငံခြားသားအလုပ်သမားနှစ်ဦးနှင့် ၎င်းနိုင်ငံမှ ဝန်ထမ်းနှစ်ဦးကို ဧပြီ ၄ရက် ညဥ့်သန်းခေါင်မတိုင်မီတွင် ဆူဒန်နိုင်ငံ ဒါဖာဒေသ၌ သေနတ်တော့ကာ ပြန်ပေးဆွဲခေါ်ဆောင်သွားကြောင်း ပြင်သစ်ဆေးဝါးထောက်ပံ့ရေးအဖွဲ့က ဧပြီ ၅ ရက်တွင် ကြေညာသည်။

ယင်းတို့အနက် ကနေဒါအမျိုးသမီးတစ်ဦး၊ ပြင်သစ်အမျိုးသားတစ်ဦး တို့နှင့်အတူ ဆူဒန်လုံခြုံရေး အစောင့်နှစ်ဦးတို့ကို အမည်မသိ စစ်သွေးကြွများက ပြန်ပေးဆွဲခေါ်ဆောင်သွားခြင်းဖြစ်သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

အီရတ်၌ ကားဗုံးပေါက်ကွဲ ၁၀ဦးသေဆုံး၊ ၆၅ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဧပြီ ၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ဆာဒါစီးတီးမြို့တွင် ဧပြီ ၆ရက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၁၀ဦးသေဆုံးပြီး ၆၅ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဆာဒါစီးတီးမြို့ လူစည်ကားရာဈေးအတွင်း ယင်းနေ့နံနက်ပိုင်းက ကားဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရရှိ

ယင်းနေ့မှာပင် ဘဂ္ဂဒက်မြို့ အနောက်တောင်ဘက်ဈေးအတွင်း၌လည်း သီးခြားစီ ကားဗုံးနှစ်လုံး ထပ်မံပေါက်ကွဲခဲ့ရာ ၁၂ဦး သေဆုံးပြီး ၂၅ဦးဒဏ်ရာရရှိသွားခဲ့သည်။

တင်ပို့

ဒဏ်ရာရရှိသွားသူများအား ဆေးရုံတင်ကားများအပြင် အရပ်သားကားများဖြင့်ပါ ဘဂ္ဂဒက်ဆေးရုံသို့ တင်ပို့ပေးခဲ့ရသည်။

(အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဧပြီ ၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီတလီမြေငလျင်ကြောင့် လူ ၁၀၀ ကျော်သေဆုံး

ရောမ ဧပြီ ၇

အီတလီနိုင်ငံ အလယ်ပိုင်းတွင် ဧပြီ ၆ရက်က ၆ဒသမ၃ ရစ်ချ်တာစကေးရှိ မြေငလျင်လှုပ်မှုကြောင့် အနည်းဆုံး ၁၀၀ကျော်သေဆုံးပြီး ၁၅၀၀ခန့် ဒဏ်ရာရရှိကြောင်း အီတလီရုပ်မြင်သံကြားဌာနက ကြေညာသည်။ သေဆုံးသူများတွင် ကလေးသူငယ်များလည်း ပါဝင်သည်။

မြေငလျင်လှုပ်

ရောမမြို့တော် အရှေ့မြောက်ဘက် ၉၅ကီလိုမီတာအကွာ အလီလာမြို့ဟောင်းကိုဗဟိုပြု၍ ဧပြီ ၆ရက် နံနက်စောစောပိုင်းက မြေငလျင်လှုပ်ခြင်းဖြစ်ကာ နေအိမ်အဆောက်အအုံများလည်း ပျက်စီးခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်ရောက် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ် အီရတ်ခေါင်းဆောင်များနှင့် ဆွေးနွေး

ဘဂ္ဂဒက် ဧပြီ ၇

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့သို့ ဧပြီ ၅ ရက်ကရောက်ရှိလာသည့် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်သည် အီရတ်သမ္မတ တာလာဘာနီအပါအဝင် အီရတ်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

လက်ခံတွေ့ဆုံ

အီရတ်သမ္မတ တာလာဘာနီက ဧည့်သည်တော်ပါလက်စတိုင်းသမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များကို ဘဂ္ဂဒက်မြို့တော်ရှိ သမ္မတနန်းတော်၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

ယင်းနောက် မာမွတ်အဘတ်စ်သည် ဝန်ကြီးချုပ်အယ်လ်မာလီကီအပါအဝင် ထိပ်တန်းခေါင်းဆောင်များနှင့်တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးကိစ္စနှင့်တကွ နှစ်နိုင်ငံအကျိုးတူစီးပွားရေးကိစ္စကို ဆွေးနွေးကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်အားပြင်း ငလျင်လှုပ်

အီတလီနိုင်ငံ အလယ်ပိုင်း အလီလာမြို့ဟောင်းတွင် အင်အားပြင်း ငလျင်လှုပ်ပြီးနောက် အပျက်အစီးများကို ဧပြီ ၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်၌ အသေခံဗုံးခွဲမှုဖြစ်ပွား

ချက်ဝါ ဧပြီ ၇

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့၌ အသေခံဗုံးခွဲတိုက်ခိုက်ပြီး နောက်တစ်ရက် ဧပြီ ၅ရက်က ချက်ဝါမြို့ရှိ လူနည်းစုရှီးယိုက်မွတ်စလင်တို့ စုရုံးသည့်နေရာကို အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး ၂၂ဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့ကကြေညာသည်။ အစ္စလမ္မာဘတ်မြို့တောင်ဘက် မိုင် ၆၀အကွာရှိ ချက်ဝါမြို့လယ် ဘာသာရေးဌာနတွင် လူ ၂၀၀၀ခန့်စုရုံးရောက်ရှိစဉ် အသေခံဗုံးခွဲသူက တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

သတ္တုတွင်းဝန်ကြီးဌာန တတိယအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဧပြီ ၇

သတ္တုတွင်းဝန်ကြီးဌာန တတိယအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီက နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ကျင်းပရာ ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အထွေထွေမန်နေဂျာများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် လျာထားချက်များ ပြည့်မီကျော်လွန်စွာ ထုတ်လုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက ဌာနအလိုက်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ သတ်မှတ်လျာထားချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ရန်နှင့် ဝန်ဆောင်မှုလုပ်ငန်းကို အဓိကဦးစားပေး လုပ်ဆောင်ရန်အတွက် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် ဝန်ထမ်းများ၏ အရည်အသွေး မြင့်မားတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် အိမ်သုံးဆားနှင့် နွားချေးတို့ဖြင့် ပေါင်းစပ်ပြုလုပ်ထားသော Bio Battery ကို သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ နယ်လုပ်ငန်းဌာန စက်ရုံများ၌ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်သုံးစွဲပြီး အိမ်တိုင်းမီးလင်းရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရိုင်ချင်းဆက်လမ်းအမှတ် (၂) မြစ်သားမြို့နယ်အပိုင်း ကျောက်ချောလမ်းခင်းရန် လမ်းမျက်နှာပြင် မြေညှိခြင်းလုပ်ငန်းကို မြေညှိစက်ဖြင့် ဆောင်ရွက်လျက်ရှိရာသို့ အမှုဆောင်အရာရှိ ဦးထွန်းအောင်ခင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ကျောက်ချောခင်း

ရမည်းသင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) မိုင်တိုင် (၁၃၉/၀)၌ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ၂၅ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးတို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်နှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ကြည်ကြည်ဌေးတို့က ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ခင်ဦးမြို့၌ အော်တိုအိတ်ချိန်း တည်ဆောက်ခြင်းလုပ်ငန်း ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း ကြည့်ရှုစစ်ဆေး

ခင်ဦး ဧပြီ ၇

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ခင်ဦးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဆက်သွယ်ရေးစခန်း၌ အော်တိုတယ်လီဖုန်းအိတ်ချိန်း တည်ဆောက်ခြင်းကို မတ် ၁၈ရက် နံနက်၈နာရီက ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းသည် တိုင်းမန်နေဂျာ ဦးကျော်စွာသွင်၊ ခရိုင်ဥက္ကဋ္ဌဦးအုံးချိုတို့ လိုက်ပါ၍ မြို့နယ်ဥက္ကဋ္ဌဦးကျော်လွင်၊ မြို့မိမြို့ဖများ၊ တယ်လီဖုန်း ဖြစ်မြောက်ရေး ကော်မတီဝင်များ၊ မြို့ပေါ်လေးရပ်ကွက်ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ထမ်းများ တွေ့ဆုံကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် ဒုတိယဝန်ကြီးသည် အော်တိုအိတ်ချိန်း အဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး အော်တိုတယ်လီဖုန်းအလုံး ၄၀၀တပ်ဆင်ရေး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ **(၁၈၂)**

နွေရာသီ ဖိတ်ခေါ် ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဧပြီ ၇

၂၀၀၉ ခုနှစ် နွေရာသီ ဖိတ်ခေါ် ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၂၉ ရက် ညနေ ၄ နာရီက ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ဘတ်စကက်ဘော အားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဘတ်စကက်ဘော ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဆုပေးအပ်

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ အသက်(၁၄)နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲ၊ အသက်(၁၆)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲများတွင် ဆုရရှိကြသူများအား တာဝန်ရှိသူ အသီးသီးကလည်းကောင်း၊ အသက်(၁၄) နှစ်အောက် အကောင်းဆုံး အားကစားသမားဆုရ မအေးမြတ်သန္တာထွန်းနှင့် မောင်လွင်ပိုင်ဖြိုး၊ အသက်(၁၆)နှစ်အောက်အကောင်းဆုံးအားကစားသမားဆုရ မယုမမအောင်နှင့် မောင်စိုးသီဟသိန်းတို့အား ရွှေသံလွင်ကုမ္ပဏီ နာယကဒေါ်နီနီက လည်းကောင်း၊ အသက်(၁၄)နှစ် အောက်နှင့် အသက်(၁၆)နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲများတွင် တံခွန်စိုက်ဆုရရှိသော အသင်းများအား မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်း**(အောက်ပုံ)**ကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(အား/ကာ)**

ချမ်းအေးသာစံမြို့နယ် အိမ်တော်ရာ မီးသတ်စခန်းသို့ စက်သုံးဆီလှူဒါန်း

မန္တလေး ဧပြီ ၇

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ် အိမ်တော်ရာမီးသတ်စခန်း မီးသတ်ယာဉ်အတွက် စက်သုံးဆီ ပေးအပ်လှူဒါန်းပွဲကို မတ် ၇ ရက် နံနက်က ရပ်ကွက် မီးသတ်စခန်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူးအေးကို၊ အိမ်တော်ရာ မီးသတ်စခန်းတာဝန်ခံ ဒုတိယတပ်ခွဲမှူး မြင့်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဦးကျော်မြင့်အောင်နှင့် အကွက်တာဝန်ခံများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင်များ ကိုယ်စား ဦးချစ်ထွန်းက စက်သုံးဆီလှူဒါန်းရခြင်း အကြောင်း ရှင်းလင်းပြောကြားပြီး (AMT Group) ကုမ္ပဏီလီမိတက် အောင်မြင်သူ ရောင်းဝယ်ရေးမှ ဦးစောငြိမ်းက ဒီဇယ်ဆီ ဂါလန် ၁၀၀၊ နှစ်ပီပါနှင့် အလှူရှင် ၁၀ ဦးက ဂါလန် ၅၀တို့ကို ပေးအပ်လှူဒါန်းရာ တပ်ခွဲမှူး အေးကို၊ ဒုတိယတပ်ခွဲမှူး မြင့်အောင်တို့က လက်ခံယူပြီး ဂုဏ်ပြုလွှာ ပေးအပ်သည်။

ထို့နောက် ရပ်ကွက်အဖွဲ့ဝင် ဦးကျော်မြင့်အောင်က ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။ **(၀၉၀)**

တန့်ယန်းမြို့နယ်၌ ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုး

တန့်ယန်း ဧပြီ ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကျင်းပသော ၂၀၀၉ခုနှစ် အထူးအထွက်တိုးနွေစပါး ခေတ်မီကောက်စိုက်စက်ဖြင့် စိုက်ပျိုးပွဲကို အမှတ်(၆)ရပ်ကွက် စံပြစိုက်ခင်း၌ မတ် ၈ရက် နံနက် ၈နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူရက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာက အထူးအထွက်တိုး စပါးစိုက်ပျိုးမှုနှင့် ခေတ်မီကောက်စိုက်စက်အကြောင်း သိကောင်းစရာများကို ရှင်းလင်းတင်ပြပေးသည်။

ယင်းနောက် ခေတ်မီကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးနေမှုကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခိုင်ဇော်နှင့် အခမ်းအနား တက်ရောက်လာကြသူများကကြည့်ရှုအားပေးကြသည်။

ထို့နောက် မြို့နယ်အတွင်းရှိ အခမ်းအနားတက်ရောက်လာကြသော တောင်သူကြီးများအတွက် ပြသထားသော ဆီမုန်လာ စိုက်ပျိုးအသုံးပြုနိုင်ရေး စိုက်ပျိုးပုံ၊ အနှံထွက်ရှိမှု၊ အနှံမှ ဆီထွက်ရှိပုံနှင့် ဆီကို အသုံးပြုကာ လက်တွေ့ကြော်ချက်မှုများကို ပြသထားရာ အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော် စိုက်ပျိုးရေး နှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီချိန်အမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှ ဧပြီလကုန်အထိ လည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို မတ်လလယ်မှ ဧပြီလကုန်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေ ထည့်သွင်းသုံးစွဲပါ။ မြေခံမြေဩဇာအဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိ လည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာအနည်းဆုံး ၂၅ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေ ပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက် ရာခိုင်နှုန်း ၈၀နှင့် အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့လေးပြည်နှုန်း သုံးစွဲပါ။

၆။ ချဉ်ပေါင်လျှော် မျိုးစေ့များအား မစိုက်မီ (၃၊ ၄) နေလှန်းပြီးမှ စိုက်ပျိုးပါ။

၇။ အစိုဓာတ် အချိန်မီအောင် စိုက်ပျိုးပါ၊ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၈။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မှျားစာ အဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၉။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ ဂုန်လျှော်နှင့် လျှော်မျှင်များ လုပ်ငန်းဌာန၏ ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

သန်လျင်မြို့ လဟာရက်-ကဒပ်ဖြာ ကျေးလက်လမ်းတွင်ရေပြွန်ချ

သန်လျင် ဧပြီ ၇

သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် လဟာရက်-ကဒပ်ဖြာ ကျေးလက်မြေသားလမ်းတွင် ကွန်ကရစ်ရေပြွန်ချခြင်းလုပ်ငန်းကို လုပ်ငန်းခွင်အင်ဂျင်နီယာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွန်းထွန်းဝင်း ဆောင်ရွက်လျက်ရှိရာသို့ ဖေဖော်ဝါရီ ၁၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့ ကွင်းဆင်းကြီးကြပ်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဟိုပန်မြို့၌ မော်ဟွေ့ဟာဖြတ်လမ်း ကျောက်ချောခင်းလုပ်ငန်းဆောင်ရွက်

ဟိုပန် ဧပြီ ၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်သော မော်ဟွေ့ဟာဖြတ် ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်တင့် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တိုင်းရင်းသားပြည်သူများ ကျန်းမာကြံ့ခိုင်ပြီး သက်တမ်းစေ့အသက်ရှည်နေနိုင်ရေး နိုင်ငံသားတိုင်း ရောဂါဘယကင်းရှင်းရေး ရည်မှန်းချက်များကို ခိုင်မာတိကျစွာ ချမှတ်ဆောင်ရွက်နေ

ကျန်းမာရေးရည်မှန်းချက်များအောင်မြင်ရေး စုစည်းညီညွတ်သည့် ပြည်တွင်းအားဖြင့်ကြိုးပမ်းသည့်နည်းတူ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အာဆီယံမိသားစု၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်

နေပြည်တော် ဧပြီ ၇

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ၂၀၀၉ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်၉နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ် Professor, Adik Wibowo နှင့် အဖွဲ့ဝင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက မိန့်ခွန်းပြောကြားရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေဖြင့် ကမ္ဘာ့လူသားတိုင်း ကျန်းမာရေးအဆင့်အတန်းကို မြင့်မားနိုင်သမျှ အမြင့်မားဆုံး ရရှိခံစားနိုင်ရေး(highest possible level of health)ဆိုသည့် အဓိကရည်မှန်းချက်အတွက် ကြိုးပမ်းလျက်ရှိရာတွင် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ်ကျင်းပမှုသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် ကမ္ဘာပေါ်၌ ဖြစ်ပွားနေသည့် ရောဂါများနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ပြဿနာများကို ဖော်ထုတ်ပြီး အဖွဲ့ဝင်နိုင်ငံအသီးသီးက သတိပြုသိရှိလာကြစေရန်နှင့် တညီတညွတ်တည်း ဦးစားပေးဆောင်ရွက်နိုင်ရန်အတွက် ဆောင်ပုဒ်များ သတ်မှတ်ပြီး လှုံ့ဆော်မှုများကို နှစ်စဉ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။

ဦးတည်သတ်မှတ်ထား

ယခုနှစ်တွင် **'ကျန်းမာရေးအတွက် အရေးကြုံက ကျော်လွှားနိုင်ရန် ပြင်ဆင်မှ အသက်ပေါင်းများစွာ ချမ်းသာရ'** (Protect Health Facilities from Emergencies; Prepare. Respond. Save Lives.)ဆိုသော ဆောင်ပုဒ်ကိုရွေးချယ်ပြီး အရေးပေါ်အခြေအနေ ကြုံကြိုက်ချိန်တွင် အသက်ပေါင်းများစွာချမ်းသာရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သည့် လုပ်ငန်းများကို ဦးတည်သတ်မှတ်ထားကြောင်း။

ယနေ့ကမ္ဘာပေါ်တွင် ငလျင်လှုပ်ခြင်း၊ ဆူနာမီဖြစ်ပေါ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ မုန်တိုင်းကျရောက်ခြင်း၊ အပူလှိုင်းများ၊ အအေးလှိုင်းများကျရောက်ခြင်း အစရှိသည့် ရာသီဥတုဖောက်ပြန်မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုများကို ကြုံတွေ့ခံစားနေကြရကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် မကြာသေးမီနှစ်များအတွင်းတွင် သဘာဝဘေးအန္တရာယ် ကျရောက်မှုများကို အကြိမ်ကြိမ်ခံစားခဲ့ရပြီး လူ့အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ကြရကြောင်း၊ ၁၉၉၆ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ ၁၀နှစ်တာကာလတွင် အရှေ့တောင်အာရှ ဒေသအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် အသက်ဆုံးရှုံးမှုများသည် တစ်ကမ္ဘာလုံးသေဆုံးမှု၏ ၅၈ရာခိုင်နှုန်းရှိခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်ရာ နေရာပေါင်းများစွာကိုလည်း ထိခိုက်ပျက်စီးစေခဲ့ကြောင်း။

ပျက်စီးဆုံးရှုံး

၂၀၀၈ခုနှစ် မေ၂ရက်တွင် မြန်မာနိုင်ငံ၌ ကြီးမားပြင်းထန်သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီး တိုက်ခတ်ခဲ့မှုကြောင့် မုန်တိုင်းဖြတ်သန်းခဲ့သည့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းဒေသများတွင် သေကျေပျောက်ဆုံး၊ ထိခိုက်ဒဏ်ရာရမှုများ၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍများတွင် ပျက်စီးဆုံးရှုံးမှုများကို မကြုံစဖူး ကြုံတွေ့ခဲ့ရကြောင်း။

သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ဒေသအဆင့်သာမက နိုင်ငံတော်အဆင့်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၀၅ခုနှစ် ကတည်းက စတင်ဖွဲ့စည်းထားသည့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီသည် သက်ဆိုင်ရာဆပ်ကော်မတီအလိုက်၊ နယ်မြေဒေသအလိုက် မုန်တိုင်းသင့်ဒေသများ၌ အနီးကပ်အခြေပြုပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်ပေးခဲ့ကြောင်း။

ပြည့်ဝလုံလောက်

နိုင်ငံတော်အစိုးရနှင့်အတူ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု၊ စေတနာရှင်များ၏ ဆေးဝါးနှင့် အထောက်အကူပစ္စည်းများ စဉ်ဆက်မပြတ် ထောက်ပံ့ကူညီဖြည့်ဆည်းပေးမှုများကြောင့် မုန်တိုင်းသင့်ပြည်သူများကို ဘဝသစ်ပြန်လည် ထူထောင်နိုင်ရေးအတွက် လုံလောက်သည့် ကျန်းမာရေးအခြေအနေရောက်ရှိနိုင်ရေး၊ ကူးစက်ရောဂါနှင့် ကပ်ရောဂါများ တစ်စုံတစ်ရာကျရောက်မှု မရှိစေရေးအတွက် ကာကွယ်စောင့် ရှောက်ပေးနိုင်ခဲ့ပြီး စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးမြှင့်တင်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊ ထို့အပြင် လေဘေးသင့်ပြည်သူများအတွက် အရေးပေါ်ထောက်ပံ့ရေးစားနပ်ရိက္ခာများကိုလည်း ပြည့်ဝလုံလောက်စွာ နိုင်ငံတော်က စီစဉ်ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း။

သဝဏ်လွှာဖတ်ကြား

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏ ၂၀၀၉ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ သဝဏ်လွှာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor, Adik Wibowo ဖတ်ကြားစဉ်။
(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအနေဖြင့် ၂၀၀၈ ခုနှစ် မေလအတွင်း လေဘေးသင့်ဒေသများ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြည့်ရှုအားပေးခဲ့ပြီး **"ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေးနဲ့ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများကို ပြည့်ပြည့်စုံစုံ ဖြည့်ဆည်းဆောင်ရွက်ပြီးသည့်အချိန်၌ လေဘေးသင့်ဒေသကြီးသည် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ဘက်စုံမှတိုးတက်လျက်ရှိသည့် အဖွံ့ဖြိုးဆုံးဒေသတစ်ခု ဖြစ်ပေါ်လာမှာဖြစ်ကြောင်း၊ မြေအုတ်တို့ ပြိုရာ၌ မိမိတို့က ကျောက်အုတ်တို့ဖြင့် တည်ဆောက်သွားပြီး အခြေအနေသစ်၊ ဘဝသစ်ကို ဖန်တီးဖော်ဆောင်ပေးသွားရမှာ ဖြစ်ကြောင်း"**ဖြင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လမ်းညွှန်မှုပြုခဲ့ပါကြောင်း။

အားကြိုးမာန်တက်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့သည် မုန်တိုင်းသင့်ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများသာမက လယ်ယာ၊ သားငါးနှင့် ဆားလုပ်ငန်းများ ပြန်လည်ထူထောင်ရေး၊ မြို့ရွာများတည်ဆောက်ရေး၊ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုစနစ်ကောင်းမွန်ရေး၊ ပညာရေး၊ Cyclone Shelter ဆောက်လုပ်ရေးစသည့် လုပ်ငန်းအားလုံးကို အားကြိုးမာန်တက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော နိုင်ငံတော်အဖြစ် ဘက်စုံကဏ္ဍစုံက ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသော နိုင်ငံသားများသည် အဓိကကျသည့် လူသားအရင်းအမြစ်များဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားပြည်သူများအားလုံး ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများအဖြစ် ရပ်တည်နိုင်ရေးအတွက် နိုင်ငံသားတိုင်း သက်တမ်းစေ့အသက်ရှည်နေနိုင်ရေး၊ နိုင်ငံသားတိုင်း ရောဂါဘယကင်းရှင်းရေး ရည်မှန်းချက်များကို ခိုင်မာတိကျစွာ ချမှတ်ဖော်ဆောင်လျက်ရှိကြောင်း။

ပူးပေါင်းဆောင်ရွက်

ယခုကဲ့သို့ အမျိုးသားအဆင့်လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်၏ ဦးဆောင်မှု၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများအပြင် ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအားလုံး ဝိုင်းဝန်းဆောင်ရွက်ခြင်းဖြင့်သာ ထိရောက် မြန်ဆန်သည့် အောင်မြင်မှုများရရှိမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် အမျိုးသားကျန်းမာရေး ရည်မှန်းချက်များ ပြီးမြောက်အောင်မြင်စေရေးအတွက် စုစည်းညီညွတ်သည့် ပြည်တွင်းအားဖြင့် ကြိုးပမ်းသွားမည့်နည်းတူ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ အာဆီယံမိသားစုဝင်များ၊ အိမ်နီးချင်းနိုင်ငံများနှင့် အစဉ်အမြဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခုနှစ်အတွက် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် **'ကျန်းမာရေးအတွက် အရေးကြုံက ကျော်လွှားနိုင်ရန် ပြင်ဆင်မှ အသက်ပေါင်းများစွာ ချမ်းသာရ'** ဆောင်ပုဒ်နှင့်အညီ အရေးပေါ်အခြေအနေများ ကြုံကြိုက်ချိန်တွင် လူ့အသက်များ ကယ်တင်နိုင်ရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော ကျန်းမာရေးစောင့်ရှောက်မှုနေရာများ အသင့်ရှိနေစေရေး ဝိုင်းဝန်းကြိုးပမ်းသွားကြပါ။ အရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို နိုင်ငံတော်၏ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ယှဉ်တွဲဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ရည်မှန်းချက်ကို ပါဝင်ကြိုးပမ်းသွားကြပါဟု ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏ ၂၀၀၉ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့သဝဏ်လွှာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor, Adik Wibowo က ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် အတွင်းရေးမှူး(၁)သည် အခမ်းအနားသို့တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များ၏ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည့် မှတ်တမ်းဓာတ်ပုံများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ လေထုအရည်အသွေး တိုင်းတာစစ်ဆေးတွေ့ရှိချက်ဇယားများ၊ အထိမ်းအမှတ်ပစ္စည်းများ၊ လက်ကမ်းစာစောင်များနှင့် စာအုပ်စာတမ်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ **'ကျန်းမာရေးအတွက် အရေးကြုံက ကျော်လွှားနိုင်ရန် ပြင်ဆင်မှ အသက်ပေါင်းများစွာ ချမ်းသာရ'**(Protect Health Facilities from Emergencies; Prepare. Respond. Save Lives.) ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြင်ပ၌ အင်အားပြင်း မြေငလျင်လှုပ်

နေပြည်တော် ဧပြီ ၇

ယနေ့ မြန်မာစံတော်ချိန် နံနက်၁၁နာရီ၀၂မိနစ်၀၇စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင်၃၇၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ ပစိဖိတ်သမုဒ္ဒရာ ပင်လယ်ပြင်တစ်နေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ဒသမ၀အဆင့်ရှိ အင်အားပြင်းထန်သောမြေငလျင်တစ်ခုလှုပ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တိုင်းထွာရရှိကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

မြစ်ကြီးနားမြို့ ဈေးကြီးလမ်း ကတ္တရာလမ်းသစ်ဖွင့်

မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် ဈေးကြီးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအရာရှိ ဦးဇော်မိုးနှင့် ယုဇနရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကြည်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (မြို့နယ်စည်ပင်)

ဝိုင်းမော်စည်ပင် မိုင်းနား-ဂွေထုလမ်း ကျောက်ချောခင်း

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အရှည်ပေ ၃၀၇၀၊ အကျယ်၁၂ပေရှိ မိုင်းနား-ဂွေထုကျေးလက် ကျောက်ချောလမ်းခင်းရေးအတွက် လက်ထောက်အင်ဂျင်နီယာ ဦးသန်းထွန်းဝင်း တာဝန်ယူဆောင်ရွက်မှုကို မတ်၂၂ရက်က အမှုဆောင်အရာရှိ ဦးဌေးလွင်စိုး ကြီးကြပ်ပေးကြောင်း သိရသည်။ (ဝဝ၁)

ဝန်းသို၌ စာအုပ်စာစောင်တိုးပွားရေး ဆွေးနွေး

ကသာခရိုင်ဝန်းသိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ မတ် ၁၉ရက် နံနက် ၁၁နာရီက ကျေးရွာစာကြည့်တိုက် စံ(၅)ရပ်ပြည့်စုံရေးလုပ်ငန်းများ၊ မြို့နယ်စာကြည့်တိုက်တွင် လစဉ်စာအုပ်စာစောင်တိုးပွားရေး၊ စာငှားသူ၊ စာဖတ်သူတိုးပွားရေး၊ ကျေးရွာတိုင်းသတင်းစာ၊ ဒို့ကျေးရွာဂျာနယ် တစ်စောင်ရောက်ရှိရေးတို့ကို မြို့နယ်ဦးစီးမှူးဒေါ်ခင်မိုးခက်က ထပ်ဆင့်ဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

ကာမိုင်းမြို့၌ သန့်ရှင်းရေးဆောင်ရွက်

ကာမိုင်းမြို့ မြို့မဈေးကြီးတွင် သား၊ ငါးတန်းများ အစဉ်သန့်ရှင်းမှုရှိစေရေးနှင့် ဈေးအတွင်းရေမြောင်းများ ပိတ်ဆို့မှုမရှိရေးအတွက် မတ် ၂၉ရက်က ဈေးခေါင်း(၄) ဦးဇော်ဝင်းအောင် ဦးဆောင်၍ ဈေးသူဈေးသားများဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို မြို့တာဝန်ခံဦးစီးအရာရှိ ဦးမိုးလွင် ကြီးကြပ်ဆောင်ရွက်ပေးကြောင်းသိရသည်။ (မြို့နယ်စည်ပင်)

နွားထိုးကြီး၌ လမ်းကတ္တရာခင်းရန် ဆောင်ရွက်

နွားထိုးကြီးမြို့ အမှတ်(၃)ရပ်ကွက်ရှိ အဓိပတိလမ်း ကတ္တရာခင်းရန် ဖေဖော်ဝါရီ ၁၈ရက်က နွားထိုးကြီးမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်သောင်း၊ အမှတ်(၃)ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ကြသည်။ (ဝ၉၂)

တီဘီရောဂါတိုက်ဖျက်ရေးနေ့ မြင်းခြံ၌ ကျင်းပ

၂၀၀၉ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မတ်၂၄ရက်က မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုးနှင့် ခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းအောင်တို့က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆရာဝန်များအသင်းမှ ဌာနေကိုယ်စားလှယ်ဒေါက်တာအောင်ကျော်စိုးက ၂၀၀၉ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ (ဝ၈၇)

နောင်မွန်၌ သာယာကုန်း စာကြည့်တိုက်ဖွင့်

ပူတာအိုခရိုင် နောင်မွန်မြို့နယ် ရပ်ဘော့(၂)ကျေးရွာ သာယာကုန်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ ၂ရက် နံနက် ၁၀နာရီက ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဖုန်ဇီးဒီးနှင့် ဦးရယ်ဒမ်းတန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး မြို့နယ်ဦးစီးမှူးက စာအုပ် ၅၀နှင့် ဦးအတန်က ငွေကျပ်တစ်သိန်း လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌဦးဒခွမ်ဒီးက လက်ခံယူသည်။ (မြို့နယ် ပြန်/ဆက်)

ကျိုက်မရော၌ စာဖတ်သူ တိုးပွားရေး ဆွေးနွေး

ကျိုက်မရောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြင့်စီသည် ဖေဖော်ဝါရီ ၁၉ရက်က ကော့ပလိုင်ကျေးရွာသို့ သွားရောက်ပြီး ကျေးရွာစာကြည့်တိုက်ခန်းမ၌ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးလှအေးနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံ၍ စာကြည့်တိုက်ရှင်သန်ခိုင်မာရေး စံ(၅)ရပ်နှင့်အညီ ဆောင်ရွက်ထားရှိရန်နှင့် စာဖတ်သူ၊ စာငှားသူတိုးပွားစေရေးတို့ကို ဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ဆီဆိုင်မြို့နယ်၌ စာကြည့်တိုက်များဖွင့်

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဆီဆိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီး၍ ဆီဆိုင်မြို့နယ် ပင်စုံကျေးရွာအုပ်စုတွင် ရှိသောထီတမောင်းကျေးရွာတွင် ဘဝသစ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံကိုလည်းကောင်း၊ ထီရှော့ကျေးရွာတွင် အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကိုလည်းကောင်း၊ ပင်စံတောင်ကျေးရွာတွင် ရတနာမွန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံကိုလည်းကောင်း မတ် ၂၅ရက် က တစ်ပြိုင်တည်း ဖွင့်လှစ်ကြကြောင်း သိရသည်။ (ဝ၁၅)



မီးဘေးကြိုတင်ကာကွယ်ရေး ဘော်လခဲ၌ ဇာတ်တိုက်လေ့ကျင့်

ဘော်လခဲ ဧပြီ ၇

ကယားပြည်နယ် ဘော်လခဲခရိုင်၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုအခမ်းအနားကို မတ် ၇ရက်က ဘော်လခဲမြို့ ရှမ်းပိုင်းရပ်ကွက်၌ ကျင်းပသည်။

အခမ်းအနားကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊ ရပ်မိရပ်ဖများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေး ပြင်ဆင်လေ့ကျင့်မှုတို့ကို သရုပ်ပြသကြကြောင်း သိရသည်။ (အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

သိန်းနီမြို့နယ်၌ စယ်အုတံတား တည်ဆောက်

လားရှိုး ဧပြီ ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးဝင်းသည် သိန်းနီမြို့နယ်ဥက္ကဋ္ဌ ဦးသန့်ဇင်လိုက်ပါလျက် မတ်၂၀ရက်က သိန်းနီမြို့နယ် စယ်အုကျေးရွာ စယ်အုတံတား(နမ္မတူချောင်းကူးတံတား)လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးသည်။(အောက်ပုံ)

သွားလာနိုင်

အဆိုပါချောင်းကူးတံတားကို နယ်စပ်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းမှ ငွေကျပ်သိန်း၈၀၊ အလှူရှင်များမှ ငွေကျပ်သိန်း ၁၂၀ တို့ဖြင့် တည်ဆောက်ခဲ့သည်။ တံတားတည်ဆောက်ပြီးစီးပါက လူ၊ ကား၊ ဆိုင်ကယ်နှင့် ထော်လာဂျီများ အလွယ်တကူ ကူးသန်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ (ဝ၂၆)

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေး

ပြည် ဧပြီ ၇

ပဲခူးတိုင်း (အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ညွန့်သည် ပြည်ခရိုင် ဦးစီးအရာရှိ ဦးခင်မောင်ထွန်း၊ ပန်းတောင်းမြို့နယ် ဦးစီးမှူး ဦးသိန်းထွန်းမြင့်တို့လိုက်ပါလျက် ဧပြီ ၃ ရက် နံနက် ၁၀ နာရီက စွယ်တော်စံပြကျေးရွာ ပန်းစွယ်တော် စာကြည့်တိုက်သို့ရောက်ရှိရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်နှင့်အမှုဆောင်များ၊ စာပေဝါသနာရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် သီးကုန်းကျေးရွာ ပညာအလင်းရောင်စာကြည့်တိုက်ဆောက်လုပ်ပြီးစီးမှု၊ ကွေ့မကျေးရွာ အလင်းတန်းစာကြည့်တိုက် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ စာပေဝါသနာရှင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဆွေးနွေးပြီး စာကြည့်တိုက်အတွက် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။ (ခရိုင် ပြန်/ဆက်)

ဒီဂျစ်တယ် အော်တိုအိတ်ချိန်းသစ်နှင့် စီဒီအမ်အေ ၄၅၀မိုဘိုင်းလ်စနစ်ဖွင့်ပွဲ မင်းတပ်မြို့ အရှေ့ပြင်ရပ်ကွက်၌ ကျင်းပ

မင်းတပ် ဧပြီ ၇

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒီဂျစ်တယ် မိုက္ကရိုဝေ့ဖ် ဆက်ကြောင်း၊ ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ်နှင့် CDMA 450 Mobile စနစ်ဖွင့်ပွဲကို မတ် ၂၁ရက် နံနက် ၉နာရီက မင်းတပ်မြို့အရှေ့ပြင်ရပ်ကွက်ရှိ မိုက္ကရိုဝေ့ဖ်စခန်း မုခ်ဦး၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပေးအပ်

ယင်းနောက် ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့က ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ အမှာစကား ပြောကြားပြီး မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက်ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့က ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများ၊ တယ်လီဖုန်းများ ပေးအပ်သည်။ (ခရိုင် ပြန်/ဆက်)

ရွှေဘိုမြို့ရေပေးရေး

ရွှေဘိုမြို့ မြို့ရေပေးရေး လုပ်ငန်းအတွက် မဟာနန္ဒာကန်တော်မှ တိုးချဲ့ကွန်ကရစ်ပိုက်လိုင်းများ သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးစိုးတင့်၊ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်လွင်တို့က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နောင်မွန်မြို့နယ် ပြန်/ဆက် စာအုပ်စာစောင် တိုးပွားရေး ဆွေးနွေး

နောင်မွန် ဧပြီ ၇

ပူတာအိုခရိုင် နောင်မွန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ဧပြီ ၁ ရက် မွန်းလွဲ ၁ နာရီက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ၂၀၀၉-၂၀၁၀ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းတာဝန်(၁၁)ရပ်၊ ကျေးရွာစာကြည့်တိုက် စံ(၅)ချက်ပြည့်စုံရေးလုပ်ငန်း၊ ကျေးရွာတိုင်းသတင်းစာရောက်ရှိရေး၊ စာအုပ်စာစောင်တိုးပွားရေး၊ စာငှားသူ၊ စာဖတ်သူတိုးပွားရေးတို့ကို မြို့နယ်ဦးစီးမှူး ဦးဖုန်ဇီးဒီးက ထပ်ဆင့်ရှင်းလင်းဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

မိုးညှင်းမြို့နယ်၌ အရဏ်ဦးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မိုးညှင်း ဧပြီ ၇

မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာအုပ်စု ပင်ရဲလှကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ပြီးစီးသည့် အရဏ်ဦး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၄ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်သစ်ရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်နိုင်ဦး၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးမာန်ငိုင်းနှင့် နန့်ပုတ်ကျေးရွာ အုပ်စုဥက္ကဋ္ဌ ဦးမင်းမင်းသိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ အဆိုပါ အရဏ်ဦး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သည် အလျားပေ ၂၀၊ အနံပေ ၂၀ရှိ သွပ်မိုး အဆောက်အအုံဖြစ်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် အလုပ်ကို တစ်ဦးချင်း ဝီရိယထားကြိုးစား

လယ်မြေများ အထွက်တိုးရေး ပေါင်းစည်းလယ်ယာစနစ် အောင်မြင်အောင် အကောင်အထည်ဖော်

■ ရှေ့ဖုံးမှ

ပိုမိုကြိုးစား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ကျေးရွာပြည်သူများအား နေအိမ်ဝင်းအတွင်း ဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်းကို မိမိတို့စားသုံးရန်အတွက်သာမက ပိုလျှံသောသီးနှံများကို ရောင်းချခြင်းဖြင့် ဝင်ငွေရရှိအောင် စိုက်ပျိုးရန်၊ မိသားစုတိုင်း စီးပွားရေးတိုးတက်စေရန် အလုပ်ကို ဝီရိယထားကြိုးစားလုပ်ကိုင်ကြရန်၊

ရှင်းလင်းပြသ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒဂုန်အင်တာနေရှင်နယ် လီမိတက်က တာဝန်ယူတည်ဆောက်နေသည့် Cyclone Shelter တည်ဆောက်နေမှုနှင့် အသက်ကယ်ကုန်းမြင့် မြေသားလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြရာ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျေးရွာရှိ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများအား တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ဇီဝဘက်ထရီဖြင့် မီးထွန်းနိုင်မှုနှင့် ဇီဝဘက်ထရီ ပြုလုပ်နည်းတို့ကို ရှင်းလင်းပြသသည်။

ဖြည့်စွက်မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ မိမိတို့ပတ်ဝန်းကျင်ရှိ စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ ဇီဝဘက်ထရီပြုလုပ်ပြီး မီးထွန်းနိုင်မှုကို လွယ်ကူစွာဆောင်ရွက်နိုင်ကြောင်း၊ သို့ဖြစ်၍ ၂၀၀၉ခုနှစ်ကို ကျေးရွာရှိ အိမ်တိုင်းမီးလင်းရေး ရည်မှန်းချက်ထားပြီး စီမံဆောင်ရွက်သွားရန် ကျေးရွာဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဇီဝဘက်ထရီ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ အဝတ်အထည်များနှင့် နို့မှုန့်ဘူးများကို ထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူအသီးသီးတို့က လက်ခံရယူကြသည်။

အားပေးစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျေးလက်ကျန်းမာရေးဌာနရှိ IOM ဆေးအဖွဲ့က လှူဒါန်းထားသော ခွဲစိတ်ခန်းအဖြစ် အသုံးပြုနိုင်သည့်ဆေးခန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ယင်းဆေးခန်းတွင်တက်ရောက်ကုသမှုခံယူနေကြသော လူနာများကို အားပေးစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း CDMA-450 ဆက်သွယ်ရေးစခန်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ရှင်းလင်းပြသသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေါ်ငြိမ်းကျေးရွာ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖျာပုံမြို့နယ် ခမင်းဆိပ်ကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

မှာကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖျာပုံမြို့နယ် ခမင်းဆိပ်ကျေးရွာ၌ ဒေသခံပြည်သူများအား မှာကြားစဉ်။ (သတင်းစဉ်)

မိမိတို့ ပင်ပန်းစွာဖြင့် ရှာဖွေရရှိထားသောငွေကို အလဟဿသုံးဖြုန်းမပစ်ဘဲ စနစ်တကျစုဆောင်းရန် ရှင်းလင်းမှာကြားပြီး သားစဉ်မြေးဆက် အခိုင်အမာ အဆောက်အအုံများဖြင့် ချမ်းချမ်းသာသာ နေထိုင်သွားလိုသည့် စိတ်ဓာတ်ဖြင့် အလုပ်ကို ယခင်ကထက် ပိုမိုကြိုးစားဆောင်ရွက်ရေး ပညာပေးစည်းရုံးဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ပြုစုပျိုးထောင်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် (၁၆)ခုတင်ဆံ့ ဆေးရုံ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးကြပြီး ဆေးရုံ တည်ဆောက်မှုနှင့်အတူ ပန်းအလှပင်နှင့် အရိပ်ရအပင်များကို စနစ်တကျ အကွက်ချစိုက်ပျိုးရန်၊ ပျိုးပင်များကို ယခုကတည်းက စုဆောင်းထားရန်တို့ကို နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းဆောင်သစ်များ တည်ဆောက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်း၏ စုပေါင်းတန်းစီကွင်းကို သပ်ရပ်လှပအောင် ဆောင်ရွက်ရေး၊ ကျောင်းနှင့်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ရာတွင် ကျောင်းသားများ ငယ်ရွယ်စဉ်ကပင် သစ်ပင်၊ စားပင်များစိုက်ပျိုးလိုသည့် အလေ့အကျင့်ကောင်းများရရှိရေး ပြုစုပျိုးထောင်ပေးရန်တို့ကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ဆန်းကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာခဲ့ကြပြီး ဖျာပုံမြို့နယ် ဒေါ်ငြိမ်းကျေးရွာသို့ ရောက်ရှိကြရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖျာပုံမြို့နယ် ဒေါ်ငြိမ်းကျေးရွာတွင် စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ ဇီဝဘက်ထရီပြုလုပ်ပြီး မီးထွန်းနိုင်မှု လွယ်ကူစွာ ဆောင်ရွက်နိုင်ကြောင်းကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဖျာပုံမြို့နယ် ခမင်းဆိပ်ကျေးရွာတွင် ယုဇနကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်နေသည့် Cyclone Shelter နှင့် အသက်ကယ်ကုန်းမြင့် မြေသားတမံဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ရှင်းလင်းဆောင်၌ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က ခမင်းဆိပ်ကျေးရွာ၌ Cyclone Shelter ၊ အသက်ကယ်ကုန်းမြင့်နှင့် စာသင်ကျောင်းများ ဆောက်လုပ်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်က ဇီဝဘက်ထရီဖြင့် မီးထွန်းနိုင်မှုနှင့် ဇီဝဘက်ထရီပြုလုပ်နည်းတို့ကို ရှင်းလင်းပြသသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ကျေးရွာပြည်သူများအတွက် ဟင်းသီးဟင်းရွက်မျိုးစေ့များကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့က နို့မှုန့်ဘူးများနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသခံပြည်သူများအား နာဂစ်မုန်တိုင်းကြောင့် အသက်အိုးအိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရမှု အခြေအနေ၊ ယင်းအခြေအနေများအပေါ် ပြန်လည်သုံးသပ်ပြီး ပင်လယ်ကမ်းစပ်နေ ပြည်သူများ မုန်တိုင်းအန္တရာယ်မှ လွတ်ကင်းနိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် Cyclone Shelter များ၊ အသက်ကယ်ကုန်းမြင့်များ တည်ဆောက်ပေးလျက်ရှိသကဲ့သို့ အရေးကြုံလာပါက ခိုအောင်းနိုင်ရန်နှင့် ဆက်သွယ်သွားလာနိုင်ရန် ဧရာဝတီတိုင်း လမ်းကွန်ရက်စီမံကိန်းဖောက်လုပ်ပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ပေါင်းစည်းလယ်ယာစနစ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က ကျေးရွာဥက္ကဋ္ဌများအား ကျေးရွာတွင် ပညာရည်မြင့်မားတိုးတက်စေရေးအတွက် ကျောင်းနေအရွယ်ကလေးငယ်များ ကျောင်းနေရေးနှင့် ကျောင်းနေကလေးများ ကျောင်းနေမြဲရေးကို သက်ဆိုင်ရာမိဘ၊ ဆရာ ဆရာမများနှင့် ညှိနှိုင်း၍လည်းကောင်း၊ လူတိုင်းအနာရောဂါကင်းရှင်းပြီး အသက်ရှည်စွာ နေနိုင်ရေးအတွက် ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်နည်းများ သင်ကြားပေးခြင်းကို ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်သွားရေး၊ ကျေးရွာချင်းဆက်လမ်းများကို တစ်ရွာနှင့်တစ်ရွာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေး၊ ရောဂါဘယကင်းဝေးအောင် ရေကိုကျိုချက်သောက်သုံးရေး၊ ကျေးလက်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် တစ်ဦးချင်း အလုပ်ကို ဝီရိယထား ကြိုးစားလုပ်ကိုင်ရေး၊ အိမ်တိုင်း ဟင်းသီးဟင်းရွက်များစိုက်ပျိုးရေး၊ လယ်များအထွက်တိုးအောင် ကြိုးစားဆောင်ရွက်ရေး၊ ပေါင်းစည်းလယ်ယာစနစ်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Cyclone Shelter ပထမထပ် ကွန်ကရစ်လောင်းရန် သံချည်သံကွေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် အသက်ကယ်ကုန်းမြင့် မြေသားတမံဖို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခမင်းဆိပ်ကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာတွင် (၁၆)ခုတင်ဆံ့ ဆေးရုံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လိုက်ဖ်စတိုင်လ်မဂ္ဂဇင်းနှင့် ပီစီဝါးလ်မြန်မာမဂ္ဂဇင်း စာဖတ်ပရိသတ်များအတွက်အထူးအစီအစဉ်

ရန်ကုန် ဧပြီ ၇

တူဒေးစာအုပ်တိုက်မှ လစဉ်ထုတ်ဝေလျက်ရှိသည့် လိုက်ဖ်စတိုင်လ်မဂ္ဂဇင်းနှင့် ပီစီဝါးလ်မြန်မာမဂ္ဂဇင်း စာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် Buy Lifestyle, Get Handset & DVD နှင့် Buy PC World Myanmar, Get DVD အစီအစဉ်ကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အထက်ပါအစီအစဉ်အရ မတ် ၁ ရက်မှ ဧပြီ ၃၀ ရက်အတွင်း လိုက်ဖ်စတိုင်လ်မဂ္ဂဇင်းကို ခြောက်လစာ ကျပ်၁၈၀၀၀ သို့မဟုတ် တစ်နှစ်စာကျပ်၃၆၀၀၀၊ ကြိုတင်ငွေပေးသွင်းဖတ်ရှုသူများထဲမှ နှစ်ဦးကို ရွေးချယ်ကာ NOKIA 1650 Handset တစ်လုံးနှင့် SONY NS 508 DVD တစ်လုံး၊ ပီစီဝါးလ်မြန်မာကွန်ပျူတာမဂ္ဂဇင်းကို တစ်နှစ်စာကျပ် ၁၈၀၀၀ ကြိုတင်ငွေပေးသွင်းဖတ်ရှုသူများထဲမှ တစ်ဦးကိုရွေးချယ်ကာ SONY NS 508 DVD တစ်လုံး ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

မှာယူနိုင်

စိတ်ပါဝင်စားသူများအနေဖြင့် TODAY Publishing House Ltd. အမှတ် H ကန်ရိပ်မွန်အိမ်ရာ လှိုင်မြင့်မိုရ်ကန်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၇၃၉၁၊ ၅၀၇၃၉၂၊ ၅၀၇၃၉၃၊ ၅၀၇၃၈၅၊ အမှတ်၂၆၊ ဘီလမ်း၊ ၇၈လမ်းနှင့် ၇၉လမ်းကြား မီးရထားတိုက်တန်း မန္တလေးမြို့ ဖုန်း-၀၂-၃၈၇၇၉နှင့် ရန်ကုန်မြို့ရှိ တူဒေးစာအုပ်တိုက်များတွင်လည်း ငွေပေးသွင်းမှာယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

ရန်ကုန် ဧပြီ ၇

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင်တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ရှမ်းပြည်နယ်၊ချင်းပြည်နယ်၊ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊စစ်ကိုင်းတိုင်းအထက်ပိုင်း၊မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်းတွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီးကျန်ဒေသများတွင်ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ မင်းဘူးမြို့တွင် ၄၅ဒီဂရီစင်တီဂရိတ်၊ ချောက်မြို့နှင့် မကွေးမြို့တို့တွင် ၄၄ဒီဂရီစင်တီဂရိတ်စီနှင့် အောင်လံမြို့တွင် ၄၃ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ထားဝယ်မြို့တွင် ဝဒသမ၉၅လက်မနှင့် မြိတ်မြို့တွင် ဝဒသမ၁၆လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဧပြီ ၈ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်း ဒေသများတွင်နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း၄၀ ဖြစ်သည်။မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ကလေးမြို့နယ် မဏိပူရရေလှောင်တမံ ဘက်စုံစီမံကိန်း တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၇

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် မတ်၃၀ရက်တွင် စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးမြို့နယ် ဆည်တောကျေးရွာအနီးရှိ မဏိပူရရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်ခန်းမ၌ တာဝန်ရှိသူများက ရေလှောင်တမံ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်နေမှု အခြေအနေနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ပင်မတမံတည်ဆောက်ခြင်း၊ ရေပိုလွှဲနှင့် ရေလွှဲဥမင်တည်ဆောက်ခြင်း လုပ်ငန်းခွင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၉ခုနှစ် (၁၂)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲ အပြီးတွင် တွေ့ရစဉ်။ (မြန်မာဂေါက်ကလပ်)

လျှပ်စစ်သုံးလျှင်

သတိယှဉ်

ဝန်အားမမျှ

မသုံးရ

(၁၂)ကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၇

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးကြပ်၍ မြန်မာဂေါက်ကလပ်က ကျင်းပသော ၂၀၀၉ခုနှစ် (၁၂)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာဂေါက်ကလပ် ၉မိုင် ပြည်လမ်း၌ ကျင်းပသည်။

ပေးအပ်

ရှေးဦးစွာ မြန်မာဂေါက်ကလပ်အမှုဆောင် ဦးချိုအောင်က ပြိုင်ပွဲအတွက် ဆုများနှင့် ဆုကြေးများကိုကူညီပံ့ပိုးခဲ့ကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်ရာ အလှူရှင်များကိုယ်စား ဒေါ်ဝါဝါချစ်ကလက်ခံသည်။

ချီးမြှင့်

ထို့နောက် ဆုများကိုချီးမြှင့်ရာ မြန်မာဂေါက်ကလပ် အတွင်းရေးမှူးဦးမြင့်စိုးက အသက်(၁၀-၁၂)နှစ် အတန်းပြိုင်ပွဲတွင် ဂုဏ်ပြုဆုတစ်ဆု၊ နှစ်သိမ့်ဆု ၁၀ဆုနှင့် ပဉ္စမရရှိသော ရဲမျိုးကျော်၊ စတုတ္ထရရှိသော Brandan၊ တတိယရရှိသော ဇင်အောင်မင်း၊ ဒုတိယရရှိသော ဝင်းဖြိုးနှင့် ပထမရရှိသော လှိုင်မင်းထက်တို့အားလည်းကောင်း၊ မြန်မာဂေါက်ကလပ် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဝင်းက အသက်(၁၃-၁၅)နှစ် အတန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုငါးဆုနှင့် ပဉ္စမရရှိသော ဝင်းထက်ကျော်၊ စတုတ္ထရရှိသော အောင်ချစ်မင်း၊ တတိယရရှိသောစည်သူရဲရင့်၊ ဒုတိယရရှိသော အောင်ကျော်လင်းနှင့် ပထမရရှိသော ဝေယံလင်းတို့အားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးအောင်ကြည်က အသက်(၁၆-၂၀)နှစ် အတန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုငါးဆုနှင့် ပဉ္စမရရှိသော ဇင်မင်းသူ၊ စတုတ္ထရရှိသော ရဲထက်အောင်၊ တတိယရရှိသော ဥက္ကာဦး၊ ဒုတိယရရှိသော ရဲလွင်ဦးနှင့် ပထမရရှိသော သိန်းနိုင်စိုးတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါပြိုင်ပွဲတွင် Srixon, KM Golf Centre, Double Eagle Golf Co.,Ltd. နှင့် Pan-West Co.,Ltd. တို့က ဆုတံဆိပ်များနှင့် ဂေါက်သီးရိုက်ပစ္စည်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဦးဝင်းမြင့်ချင်း၊ ဦးသန်းမြင့်နှင့် ဦးချစ်ဆွေတို့က ပြိုင်ပွဲအတွက် အလှူငွေများကိုလည်းကောင်း ကူညီပံ့ပိုးကြပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် မြန်မာဂေါက်ကလပ်နှင့် Han Event Management တို့က တာဝန်ယူ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ရာသီအလိုက် သီးနှံစိုက်ခင်းများကို တွေ့ရသည်။ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိသည့်အခါ ရှင်းလင်းဆောင်၌ တည်ဆောက်ရေး(၁)မှ လက်ထောက်ညွှန်ကြားရေးမှူး(၄) ဦးဖြိုးမြင့်က ''ဒီစီမံကိန်းကို ၂၀၀၁-၂၀၀၂မှာ စတင်ခဲ့တာဖြစ်ပြီး ရည်ရွယ်တာကတော့ အုတ်တွင်းမြို့နယ်နဲ့ ဖြူးမြို့နယ်တွေမှာ လယ်မြေဧက တစ်သိန်းခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်ဖို့နဲ့ ရေအားလျှပ်စစ် ပျမ်းမျှ ကီလိုဝပ်နာရီ ၁၂၁သန်းကို ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ပါတယ်'' ဟု မြန်မာ့အလင်းသတင်းအဖွဲ့ကို ရှင်းပြသည်။

''အုတ်တွင်းမြို့နယ်နှင့် ဖြူးမြို့နယ်တို့မှ လယ်မြေဧကတစ်သိန်းကို ရေပေးဝေစိုက်ပျိုးနိုင်ရန်နှင့် ရေအားလျှပ်စစ် ပျမ်းမျှကီလိုဝပ်နာရီ ၁၂၁သန်း နှစ်စဉ်ဖြန့်ဖြူးပေးနိုင်မှာ ဖြစ်ပါတယ်''

ဦးဖြိုးမြင့်
လက်ထောက်ညွှန်ကြားရေးမှူး(၄)ရုံး
တည်ဆောက်ရေး(၁)

စိမ်းလန်းစိုပြည်နေ

ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို တည်ဆောက်ရခြင်းမှာ နှစ်စဉ် ဖြူးချောင်းမှ ရေများကြောင့် ရေလွှမ်းနစ်မြုပ်သောဒေသများအား ရေနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေးအတွက်လည်း ရည်ရွယ်ကြောင်း သိရသည်။ ဤရေလှောင်တမံ စီမံကိန်းပြီးစီးသွားပါက ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်များတွင် လယ်ယာမြေများ ရာသီမရွေး စိမ်းလန်းစိုပြည်နေမည် ဖြစ်သည်။

''လက်ရှိ အနေအထားအရကတော့ အကြိုတည်ဆောက်ခြင်းလုပ်ငန်း၉၀ရာခိုင်နှုန်း ပြီးနေပါပြီ။ ရေလွှဲဥမင်တည်ဆောက်ရေးအတွက်လည်း အကျယ် ၁၃ပေနဲ့ အရှည် ၂၄၇၇ပေရှိတဲ့ ရေလွှဲဥမင်ကို တည်ဆောက်ပြီးဖြစ်ပြီး အဲဒီလိုတည်ဆောက်ရာမှာ ရေမယိုစိမ့်အောင်နဲ့ ယိုစိမ့်မှုသက်သာအောင် အောက်ခြေခိုင်ခံ့ရေးအတွက် အသေးစိတ် ဆောင်ရွက်လျက်ရှိပါတယ်'' ဟုလက်ထောက်ညွှန်ကြားရေးမှူး(၄)ဦးဖြိုးမြင့်က ဆက်လက်ရှင်းပြသည်။

ဖြူးချောင်းရေလှောင်တမံ

ဖြူးချောင်းရေလှောင်တမံ၏ ရေပိုလွှဲတည်ဆောက်ပြီးစီးမှုအခြေအနေကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

စနစ်တကျ

စီမံကိန်း အကောင်အထည်ဖော်တည်ဆောက်ရာတွင် အကြိုတည်ဆောက်ခြင်း၊ ရေလွှဲဥမင် တည်ဆောက်ခြင်း၊ မြေသားတမံ တည်ဆောက်ခြင်း၊ ရေပိုလွှဲဆည် တည်ဆောက်ခြင်း၊ ရေလွှဲဆည်တည်ဆောက်ခြင်းနှင့် ရေသောက်စနစ် တည်ဆောက်ခြင်းတို့ကို စနစ်တကျ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

''၂၀၀၉-၂၀၁၀ ခုနှစ်အတွင်းမှာ တမံဖို့ခြင်းလုပ်ငန်းဆောင်ရွက်မယ်၊ ဒီနှစ်မှာတော့ ချောင်းအထက်ပိုင်းမှာ ယာယီတမံတည်ဆောက်ပြီး စံချိန်စံညွှန်းမီအောင် ဆောင်ရွက်နေပါတယ်။ ကျောက်တွေကို စုစည်းပြီး ဒေသအတွင်းမှ မြေတွေရယူနိုင်ဖို့ လမ်းတွေလည်း ဖောက်လုပ်ထားပါတယ်။ လာမယ့်နှစ် ဒီဇင်ဘာမှာ တမံဖို့ရန်အတွက် အသင့်ဖြစ်အောင် စီစဉ်ထားပြီးဖြစ်ပါတယ်'' ဟု ၎င်းက မြန်မာ့အလင်းသတင်းအဖွဲ့သို့ ရှင်းပြသည်။

အကျိုးခံစားခွင့်

စီမံကိန်း တစ်ရက် စောပြီးလျှင် ပြည်သူများ တစ်ရက်ကြိုတင်ပြီး အကျိုးခံစားခွင့်ရရှိကြမည်ဖြစ်ရာ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို အချိန်မီ ပြီးစီးစေရေးအတွက် ကြိုးစားဆောင်ရွက်နေသော ဝန်ထမ်းများ၊ တည်ဆောက်ရေးအလုပ်သမားများက လုပ်ငန်းခွင်အတွင်း သွက်လက်စွာ လှုပ်ရှား လုပ်ကိုင်နေကြသည်။ လုပ်ငန်းပမာဏ များပြားသည့်အတွက် မနားမနေ ဆောင်ရွက်နေကြခြင်းဖြစ်သည်။

''၂၀၀၉-၂၀၁၀မှာ တမံပိတ်လုပ်ငန်းစတင်မှာဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂မှာ တမံပိတ်လုပ်ငန်း ပြီးစီးအောင် လုပ်ဆောင်မှာဖြစ်ပြီး ရေလှောင်တမံ လုပ်ငန်းတွေအားလုံးကို ၂၀၁၂ခုနှစ်မှာ အပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ဆည်ရေသောက် လုပ်ငန်းကို တစ်ပြေးညီလုပ်ကိုင်သွားမှာပါ'' ဟု ဦးဖြိုးမြင့်က မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

မြေသားတမံ

ဖြူးချောင်းရေလှောင်တမံမှာ မြေသားတမံဖြစ်ပြီး တမံအလျားပေ ၁၀၂၀၊ အမြင့် ၂၄၅၅ပေရှိမည်ဖြစ်ကာ ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၆၃၂၅၃၀၊ ကန်ရေပြင်ကျယ် ဧရိယာ ဧက ၁၄၅၇၀၊ ကန်ရေသေ ရေလှောင်ပမာဏ ၄၂၄၃၈ ဧကပေ ရှိသည်။ ထို့အပြင် ရေလွှဲဥမင်မှာ သံကူကွန်ကရစ်ဖြစ်ပြီး ရေလွှဲဥမင်အရှယ်မှာ အနံ ၁၃ပေ၊ အလျား ၂၄၇၇ပေရှိသည်။ ရေပိုလွှဲအကျယ်မှာ ပေ ၁၀၀နှင့် အလျား ၁၆၈၆ပေရှိကာ အမြင့်ဆုံး ရေထုစီးနှုန်းမှာ ကုဗပေ စက္ကန့် ၂၃၀၅၀ ရှိသည့်အပြင် ရေလွှဲဆည် အမြင့်မှာ ၁၇ဒသမ ၅ပေနှင့် အလျား ၉၉ပေရှိကြောင်း သိရသည်။

''ရေသောက်စနစ်မှာတော့ တူးမြောင်းမကြီးအနေနဲ့ အလျား ၄၁မိုင်၊ လက်တံမြောင်း အလျား မိုင်၂၀၊ တူးမြောင်းအဆောက်အအုံ ၂၄၀၀နဲ့ ရေသောက်ဧရိယာ ဧက ၁၀၀၀၀၀ ကို ရေဖြန့်ဝေပေးနိုင်မှာ ဖြစ်ပါတယ်။

ရေလွှဲဥမင်

ဖြူးချောင်းရေလှောင်တမံတည်ဆောက်ရန် ဖြူးချောင်းကိုပိတ်ပြီး တည်ဆောက်ပြီးစီးနေပြီဖြစ်သော ရေလွှဲဥမင်မှ ရေများ ထုတ်ပေးထားသည်ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

စီမံကိန်းကို ၂၀၀၁-၂၀၀၂မှာ စတင်ခဲ့တာဖြစ်ပြီး ရည်ရွယ်တာကတော့ အုတ်တွင်းမြို့နယ်နဲ့ ဖြူးမြို့နယ်တွေမှာ လယ်မြေဧကတစ်သိန်းခန့်ကို ရေပေး စိုက်ပျိုးနိုင်ဖို့နဲ့ ရေအားလျှပ်စစ် ပျမ်းမျှကီလိုဝပ်နာရီ ၁၂၁ သန်းကို ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်။

တောတောင်ထူထပ်သော ဒေသတွင် တည်ဆောက်နေသော ဖြူးချောင်းရေလှောင်တမံ စီမံကိန်းကား အခက်အခဲများကြားမှ ဝီရိယထား ကြိုးစားဆောင်ရွက်နေသည်ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဓာတ်အား ဖြန့်ဖြူးနိုင်ရေးတို့အတွက် နိုင်ငံတော်၏ စေတနာထားမှုကို ထင်ဟပ်စေသည်ဖြစ်ရာ ဒေသနေ ပြည်သူတို့၏ လယ်ယာမြေများ စိမ်းလန်းစိုပြည် ဝေဆာလာတော့မည်။

''တပ်ဆင်ပေးနိုင်မယ့် ရေအားလျှပ်စစ်ကတော့ မဂ္ဂါဝပ် ၂၀ နှစ်လုံးဖြစ်ပြီး နှစ်စဉ်ပျမ်းမျှထုတ်လုပ်နိုင်မယ့် ဓာတ်အားက ကီလိုဝပ်နာရီ ၁၂၁သန်း ဖြစ်ပါတယ်'' ဟု ဦးဖြိုးမြင့်က ဆက်လက်ရှင်းပြသည်။

အပြီးသတ်ဆောင်ရွက်

ရေလှောင်တမံ တည်ဆောက်ခြင်းကို စတင်ရေလွှဲနိုင်သည့် ကာလအပါအဝင် စုစုပေါင်းသုံးနှစ်ခန့် ဆောင်ရွက်ရမည်ဖြစ်ပြီး ဖြူးချောင်းရေလှောင်တမံ စီမံကိန်းလုပ်ငန်းများ အားလုံးကို ၂၀၁၃-၂၀၁၄ခုနှစ်တွင် အပြီးသတ် ဆောင်ရွက်ရန် လျာထားကြောင်း သိရသည်။

စိမ်းလန်းစိုပြည်

တောတောင်ထူထပ်သော ဒေသတွင် တည်ဆောက်နေသော ဖြူးချောင်းရေလှောင်တမံ စီမံကိန်းကို အခက်အခဲများကြားမှ အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်နေသည်ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဓာတ်အားဖြန့်ဖြူးနိုင်ရေးတို့အတွက် နိုင်ငံတော်၏ စေတနာထားမှုကို ထင်ဟပ်စေလျက်ဖြစ်ရာ ဒေသနေ ပြည်သူတို့၏ လယ်ယာမြေများ စိမ်းလန်းစိုပြည် ဝေဆာလာတော့မည် ဖြစ်ပါကြောင်း ကွင်းဆင်း လေ့လာရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

တည်ဆောက်ရေး

ပဲခူးတိုင်း ဖြူးချောင်းရေလှောင်တမံတည်ဆောက်မှုကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒဂုံတံတားမှ သီလဝါစက်မှုဇုန်သို့ ဆက်သွယ်သည့်လမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းနှင့် ဒဂုံတံတားမှ သီလဝါစက်မှုဇုန်သို့ ဆက်သွယ်သောလမ်း ဖောက်လုပ်နေမှုများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် လိုက်ပါလျက် ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား လေယာဉ်ကွင်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၂)မှ ဒုတိယအင်ဂျင်နီယာမှူးကြီးက တိုးချဲ့လေယာဉ်ပြေးလမ်းနှင့် တိုးချဲ့လေယာဉ်သွားလမ်း တည်ဆောက်ပြီးစီးနေမှု၊ လေယာဉ်ပြေးလမ်း လေကြောင်းလမ်းညွှန်မှု လိုအပ်ချက်အရ မြေသားတာပေါင် ဆောက်လုပ်ခြင်း၊ ပင်မရေမြောင်းတည်ဆောက်ခြင်းနှင့် လေယာဉ်သွားလမ်းဘေးစွန်းတွင် ရေလမ်းမြောင်းများ တည်ဆောက်ခြင်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းအင်ဂျင်နီယာမှူးကြီးနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အထွေထွေမန်နေဂျာတို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် လေယာဉ်ပြေးလမ်း လေကြောင်း လမ်းညွှန်မှု လိုအပ်ချက်အရ တိုးချဲ့မြေသားတာပေါင် တည်ဆောက်ခြင်းလုပ်ငန်း၊ ပင်မရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်းနှင့် လေယာဉ်သွားလမ်းဘေးစွန်းတွင် ရေလမ်းမြောင်းများ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဒဂုံတံတားမှ သီလဝါစက်မှုဇုန်သို့ဆက်သွယ်သည့် လမ်း၏ မိုင်တိုင်အမှတ်(၆/၄) နှင့် (၆/၃)ကြား ပထမ ရေပိတ်လှောင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ်(၇/၄)အနီးတွင် လမ်း မျက်နှာပြင်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့်ရှင်းလင်းဆောင်အနီး၌ ရေတားလွှာခင်းခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အရည်အသွေး ကောင်းမွန်အောင် ဆောင်ရွက်ရန် မှာကြားသည်။

လိုအပ်သည်များမှာကြား

ယင်းနောက်ရှင်းလင်းဆောင်၌ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား တိုင်းအင်ဂျင်နီယာမှူးကြီးက လမ်းပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များ မှာကြားသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရွာသစ်ကျေးရွာ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဧပြီ ၅ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် သခွတ်မြစ်ကမ်းနံဘေး၌ တည်ဆောက်လျက်ရှိသော ရွာသစ်ကျေးရွာ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိသည်။

နှုတ်ဆက်

ရှင်းလင်းဆောင်၌ ရွာသစ်ကျေးရွာကို တာဝန်ယူဆောက်လုပ်လျက်ရှိသော ကွမ်းခြံကုန်းမြို့နယ် ဆောက်လုပ်ရေး တာဝန်ခံ Asia World ကုမ္ပဏီမှ တာဝန်ရှိသူများက လက်ရှိဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပံ့ပိုးပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဝန်ကြီးသည် ရွာသစ်ကျေးရွာ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ အိမ်ထောင်စုတိုင်းကို အခမဲ့ ဆောင်ရွက်ပေးမည့် တန်ဖိုးနည်း ဇီဝစွမ်းအင်သုံး ညကြည့် မီးအိမ်နမူနာကို ရှင်းလင်းပြသသည်။ **(အောက်ပုံ)**

လှူဒါန်း

ရွာသစ်ကျေးရွာသည် နာဂစ်မုန်တိုင်းအတွင်း ပျက်စီးသွားသော ကံကြီးကုန်း၊ မြကျွန်းသာ၊ ရေတံခါးနှင့် ရွာသစ်လေးရွာအား စီးပွားရေး၊ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးပိုမိုအဆင်ပြေစေမည့် စုစည်းရွာအဖြစ် တည်ဆောက်လျက်ရှိပြီး လူနေအိမ် ၁၃၃ လုံးအပြင် စာသင်ကျောင်း၊ ကျေးရွာဆေးပေးခန်း၊စာကြည့်တိုက်နှင့် သောက်သုံးရေရရှိရေး အစီအမံများပါဝင်ကာ ကွမ်းခြံကုန်းမြို့နယ် ဆောက်လုပ်ရေးတာဝန်ခံ Asia World ကုမ္ပဏီက ကိုယ်တိုင်လှူဒါန်း ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့တော်ဝန် မစ္စတာဝှမ်ဖန်းဖန်းနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (နယ်စပ်/စည်ပင်)

နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့် တရုတ်နိုင်ငံ နန်နင်းမြို့သို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဧပြီ ၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမြို့တော် နန်နင်းမြို့တော်ဝန် မစ္စတာဝှမ်ဖန်းဖန်း၏ ဖိတ်ကြားချက်အရ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်သည် အထူးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီးကံချွန်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ ကိုယ်စားလှယ်များလိုက်ပါလျက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့သို့ မတ် ၃၁ရက်တွင် ရောက်ရှိသည်။ ထို့နောက် ဧပြီ ၁ရက် နံနက်ပိုင်းတွင် နန်နင်းမြို့တည်ဆောက်ရေးစီမံကိန်း ကွပ်ကဲမှုရုံးသို့ရောက်ရှိရာ အုပ်ချုပ်ရေးတာဝန်ခံ မစ္စတာကျိုဝွန်က နန်နင်းမြို့တည်ဆောက်ရေးနှင့် ပတ်သက်၍ ပုံစံငယ်များ၊ ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းပြသပြီး လမ်းတံတားလုပ်ငန်းများ၊ အဆောက်အအုံ ဆောက်လုပ်ရေး၊ ရေမီးရရှိရေးတို့ကို အသေးစိတ်ပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် နန်နင်းမြို့အဆင့်မြင့်နည်းပညာ ဖွံ့ဖြိုးရေးဇုန်သို့ရောက်ရှိရာ ဖွံ့ဖြိုးရေးဇုန်ကော်မတီဝင် မစ္စတာရှန်စီကျင်းက အဆင့်မြင့်နည်းပညာ ဖွံ့ဖြိုးရေးဇုန်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် တည်ဆောက်ဆဲ ဆင်ငါးကောင် စီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်းသို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြပြီး တည်ဆောက်ဆဲလမ်းများ၊ တံတားကြီးများနှင့် မြေကွက်များကို ကြည့်ရှုလေ့လာကြသည်။

ဝန်ကြီးနှင့် အဖွဲ့သည် ညနေပိုင်းတွင် Nanning International Conference and Exhibition Center အစည်းအဝေးခန်းမ၌ နန်နင်းမြို့တော်ဝန် မစ္စတာ ဝှမ်ဖန်းဖန်းနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးကာ နန်နင်းမြို့တော်ဝန်က ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ရှင်းလင်းပြသ

ဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ၂ရက် နံနက်ပိုင်းတွင် တွမ်စီးသိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးမှု အဆောက်အအုံသို့ရောက်ရှိပြီး တာဝန်ခံ မစ်(စ)ရှိုးလီက လိုက်လံရှင်းလင်း ပြသသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် နန်နင်းမြို့တော် အရေးပေါ်ကယ်ဆယ်ရေးဌာနသို့ ရောက်ရှိပြီး ဒုတိယဌာနမှူး မစ္စတာလိချောင်းက ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာများကို ရှင်းလင်းပြသကာ နန်နင်းမြို့ အရေးပေါ်ကယ်ဆယ်ရေး ဌာနမှ မြို့တွင်းယာဉ်သွားလာမှု ထိန်းချုပ်ရေးဌာန၏ မြို့တွင်းလုံခြုံရေး ဆောင်ရွက်ထားမှုများကို CCTV ကင်မရာများမှ တစ်ဆင့် လက်တွေ့ ကြည့်ရှုလေ့လာကြသည်။

ဧပြီ၃ရက် နံနက်ပိုင်းတွင် Guangxi Modern Agriculture Demonstration Center သို့ ရောက်ရှိရာ တာဝန်ခံ မစ္စတာတုံးဂီစန်းက စိုက်ပျိုးရေးခြံအတွင်း စိုက်ပျိုးဆောင်ရွက်ထားမှုများကို ရှင်းလင်းပြသသည်။

လေ့လာ

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် ဒါလင်းစံပြကျေးရွာသို့ ရောက်ရှိပြီး ငှက်ပျော စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မှုများကို ကြည့်ရှုလေ့လာကြသည်။

ဧပြီ ၅ရက်တွင် ကူမင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်ဧည့်ခန်းမ၌ ကူမင်းမြို့တော်ဝန် မစ္စတာစန်စုလင်းက ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ ဖွံ့ဖြိုးမှု တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များကို ချစ်ခင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ဘုရားဖူးယာဉ်တိမ်းမှောက် ခရီးသည်၂၀ သေဆုံး၊ ၂၅ဦးဒဏ်ရာရ

ရန်ကုန် ဧပြီ ၇

ရန်ကုန်မြို့ ရွှေညီကိုခရီးသည်ပို့ဆောင်ရေးယာဉ်(ကပရ)၈က/၃၁၈၈သည် ခရီးသည် ၅၀ခန့် တင်ဆောင်၍ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်း အားကစားကွင်းရှေ့မှ နေ၍ ဧပြီ၁ရက်(ဗုဒ္ဓဟူးနေ့) နံနက်၁နာရီခွဲတွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ဘုရားဖူးထွက်လာခဲ့ကြသည်။

လိမ့်ဆင်းကျသွား

ဧပြီ ၂ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် အမ်းမြို့အထွက် ၂၁ မိုင်ခန့်အကွာ မဲတောင်သို့အရောက် စက်ချွတ်ယွင်းမှုကြောင့် ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ၃၀၅၀ အမြင့်မှ တောင်အောက်သို့ လိမ့်ဆင်း ကျသွားသည်။ အမ်းမြို့မှ တပ်မတော်နှင့် ပြည်သူ ပူးပေါင်း၍ ကယ်ဆယ်ရေးဆောင်ရွက်ခဲ့ရာ သေဆုံးသူ အမျိုးသားလေးဦး၊အမျိုးသမီး၁၆ဦး ပေါင်း၂၀ ရှိခဲ့ပြီး ဒဏ်ရာရရှိသူ အမျိုးသား ကိုးဦး၊ အမျိုးသမီး ၁၆ဦး စုစုပေါင်း၂၅ဦးတို့ကို အမ်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ပြင်းထန်စွာ ဒဏ်ရာရရှိသူ ၁၇ဦးတို့အား ဧပြီ ၅ရက်တွင် ရန်ကုန်ဆေးရုံကြီးသို့ လေကြောင်းခရီးဖြင့် ပို့ဆောင်ပေးကာ ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။ **(၁၁၁)**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရပ်ဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ “ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး” အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

စာကြည့်တိုက် အဆောက်အအုံ ဖွင့်လှစ်ရေးညှိနှိုင်း

ကလေး ဧပြီ ၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ကလေးခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးသိန်းလှိုင်သည် မတ် ၂၅ရက် မွန်းတည့် ၁၂နာရီတွင် ကလေးမြို့နယ် ခံတိုးမြို့သာ ကျေးရွာအုပ်စု သံဖိုကျေးရွာ စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ ပြုလုပ်ရေးနှင့် ယင်း ဖွင့်ပွဲ အခမ်းအနားတွင် ငွေနှင့်စာအုပ် လှူဒါန်းပွဲပါ ပြုလုပ်သွားရေး ဆွေးနွေး ညှိနှိုင်းခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

ဥတုရာသီ တောကို မှီ၏

မြန်မာ့ဘောလုံးလောက တိုးတက်အောင်မြင်မှုရရှိရေး ဘောလုံးသမားကောင်းများ မွေးထုတ်ပေးမည့် ကမ္ဘောဇ F.C

သတင်းမှတ်စုနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် ◇ စာမျက်နှာဖွဲ့စည်းမှု-သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၇

လက်ရှိရရှိနေသော အောင်မြင်မှုများထက် အောင်မြင်မှုများ ပိုမိုရရှိလာရန်၊ တစ်ခေတ်တစ်ခါကကဲ့သို့ အရှေ့တောင်အာရှအဆင့်၊ အာရှအဆင့်ပြိုင်ပွဲများတွင် အောင်မြင်မှုများ အစဉ်တစိုက် ရရှိရန်အတွက် မြန်မာ့ဘောလုံးလောကကို အပျော်တမ်း (Amateur) စနစ်မှ ဆုကြေးစား (Professional) စနစ်သို့ ကူးပြောင်း ကျင့်သုံးတော့မည်ဖြစ်သည်။ မြန်မာ့ဘောလုံး ပရိုစနစ်သို့ ကူးပြောင်းပြီး ပထမဦးဆုံးခြေလှမ်းအဖြစ် မြန်မာနေရှင်နယ်လိဂ် (ပရိုလိဂ်) ပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

ပထမဦးဆုံး

မြန်မာနေရှင်နယ်လိဂ်၏ ပထမဦးဆုံး ဖလားပြိုင်ပွဲကို မေ ၁၆ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်ရာ ပရိုလိဂ်တွင် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင် ရှစ်ဦးက တည်ထောင်ထားသည့် ကလပ်ရှစ်သင်းမှ ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ အဆိုပါ ပရိုကလပ်ရှစ်သင်းတွင် ယခင်အပျော်တမ်း ပြိုင်ပွဲများကတည်းက အသင်းတည်ထောင်ကာ ပါဝင်ယှဉ်ပြိုင်ခဲ့သော အသင်းနှစ်သင်းပါဝင်လာပြီး ယင်းနှစ်သင်းတွင် ကမ္ဘောဇအသင်းလည်း အပါအဝင်ဖြစ်သည်။ ကမ္ဘောဇ F.C မှာ မြန်မာ့ဘောလုံး အဆင့်အတန်းအတွက် အစဉ်အမြဲ ပံ့ပိုးကူညီခဲ့သော ကမ္ဘောဇ ဘဏ်လီမိတက်မှ တည်ထောင်ထားခြင်း ဖြစ်သည်။ မြန်မာ့ဘောလုံး တိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန် မြန်မာ့လက်ရွေးစင်အသင်း၊ လူငယ်လက်ရွေးစင်အသင်းများအတွက် ထူးချွန်သော ဘောလုံးသမားများ မွေးထုတ်ပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ကမ္ဘောဇ ဘောလုံးအသင်းမှာ ၂၀၀၂ခုနှစ်က စတင်သန္ဓေတည် ပေါက်ဖွားလာခဲ့ခြင်းဖြစ်သည်။ ၂၀၀၄-၂၀၀၅ ဘောလုံးရာသီတွင် အဆင့်မြင့်တန်းသို့ တက်ရောက်နိုင်ခဲ့ပြီး ၂၀၀၅-၂၀၀၆ ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ပြိုင်ပွဲတွင် ပထမဆု၊ ၂၀၀၈-၂၀၀၉ရာသီ မြန်မာလိဂ်ဖွင့်ပွဲ အထိမ်းအမှတ် ပြိုင်ပွဲတွင် ပထမဆု၊ ၂၀၀၆-၂၀၀၇ရာသီ အဆင့်မြင့်တန်း အမှတ်ပေးပြိုင်ပွဲတို့တွင် နှစ်ရာသီဆက်တိုက် ဒုတိယဆုများ ဆွတ်ခူးရရှိခဲ့သလို မြန်မာ့လက်ရွေးစင်နှင့် လူငယ်လက်ရွေးစင် ကစားသမားများစွာတို့ကိုလည်း မွေးထုတ်ပေးနိုင်ခဲ့သည်။

အထောက်အကူပြု

“သဒ္ဒါထက်သန် မြန်မာ့အားမာန် ကမ္ဘောဇဘဏ်”ဟုဆိုသည့်အတိုင်း ၂၀၀၀ ပြည့်နှစ်မှစ၍ မြန်မာ့ဘောလုံးတိုးတက်အောင်မြင်ရေးအတွက် အစဉ်တစိုက်ပံ့ပိုး လှူဒါန်းခဲ့ပြီး ယခုပရိုစနစ်သို့ ကူးပြောင်းရာတွင်လည်း ကမ္ဘောဇF.C ကို ဆက်လက်ဖွဲ့စည်းတည်ထောင်ကာ မြန်မာ့ဘောလုံး တိုးတက်ရေးကို အထောက်အကူပြု၍ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်သည်။ ကမ္ဘောဇ F.C သည် ရှမ်းပြည်နယ် (တောင်ပိုင်း)ကို ကိုယ်စားပြုယှဉ်ပြိုင်မည့် အသင်းဖြစ်ပြီး မြန်မာနေရှင်နယ်လိဂ်တွင် အောင်မြင်မှုရရှိရန်နှင့် မြန်မာ့လက်ရွေးစင် အသင်းများကို အထောက်အကူပြုနိုင်ရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘောဇ F.C နည်းပြချုပ် ဦးအေးမောင်ကြီး

ကစားသမား

ကမ္ဘောဇ F.C မှာ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် ကစားသမားများအား စာချုပ် ချုပ်ဆိုခေါ်ယူလျက်ရှိပြီး ဧပြီ ၆ရက်အပြီးထိ ကစားသမား၃၀ ခေါ်ယူပြီးသွားပြီ ဖြစ်သည်။ ယင်းကစားသမား ၃၀အတွက် ကမ္ဘောဇ F.C မှာ လက်မှတ်ထိုးကြေး ကျပ် ၆၇၃ သိန်း အသုံးပြုထားရာ လက်ရှိပရိုကလပ်အသင်းများထဲတွင် လက်မှတ်ထိုးကြေး အများဆုံး အသုံးပြုထားသော အသင်းဖြစ်လျက်ရှိသည်။ အဆိုပါ ၃၀တွင် မြန်မာလိဂ် အဆင့်မြင့်တန်းပြိုင်ပွဲဝင် ကမ္ဘောဇအသင်းမှ ၁၅ဦး၊ ပို့ဆောင်ရေးနှင့် လယ်ယာ/ဆည်မြောင်းတို့မှ ငါးဦးစီ၊ စီးပွား/ကူးသန်းနှင့် မြို့တော်စည်ပင်တို့မှ နှစ်ဦးစီ၊ စွမ်းအင်မှတစ်ဦးတို့ ပါဝင်နေကြပြီး လစာအများဆုံးရရှိထားသူ ကစားသမားများမှာ ဟန်ဝင်းအောင်၊ ခင်မောင်လွင်၊ မိုးဝင်း၊ အေးဆန်း၊ ကျော်ဇင်ထက်နှင့် ကျော်သီဟတို့ ဖြစ်ကာ တစ်လလျှင် ကျပ် ၁၀သိန်းစီ ရရှိနေကြသည်။ မြန်မာနေရှင်နယ်လိဂ်တွင် အောင်မြင်မှုရရှိရေး ပြင်ဆင်နေမှုများနှင့်ပတ်သက်၍ ကမ္ဘောဇအသင်း အမှုဆောင် အရာရှိချုပ် ဦးမိုးဆန်းအောင်က “မိမိတို့အသင်းအနေဖြင့် အောင်မြင်မှုများရရှိရန်ကြိုးစားပြင်ဆင်နေသလို အသင်းရည်ရွယ်ချက်ဖြစ်သည့် နိုင်ငံတော်အတွက် ထူးချွန် ဘောလုံးသမားများ မွေးထုတ်ပေးနိုင်ရန်လည်း ဆောင်ရွက်နေကြောင်း၊ ယခု ကစားသမား ၃၀ ခေါ်ယူထားပြီးဖြစ်သော်လည်း ကြိုက်နှစ်သက်သည့် ကစားသမားရှိပါက ထပ်မံခေါ်ယူသွားမည်ဖြစ်ကြောင်း၊ လူငယ်အသင်းကိုလည်း ကိုယ်စားပြုဒေသဖြစ်သည့် ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ကစားသမားများဖြင့်သာ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ဘောလုံးသမားကောင်းများ ထွက်ပေါ်ခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) မှ လူငယ်ကစားသမားလေးများကို ပြုစုပျိုးထောင်ပေးသွားမည် ဖြစ်ကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာ

ကမ္ဘောဇအသင်းကို မြန်မာဘောလုံးအားကစားအဆင့်အတန်း တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုနိုင်ရန်အတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယက၊ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက တည်ထောင်ထားသော အသင်းဖြစ်ကြောင်း၊ နာယက ဦးအောင်ကိုဝင်း အနေဖြင့် မြန်မာ့ဘောလုံး တိုးတက်ရေး အတွက်သာ ပံ့ပိုးလှူဒါန်း ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး ကမ္ဘောဇအသင်းတွင် မည်သည့်တာဝန်မှ ယူထားခြင်းမရှိပါကြောင်း၊ ဦးအောင်ကိုဝင်းမှာ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ် နာယကအနေဖြင့် အဖွဲ့ချုပ်နှင့် ပူးပေါင်း၍ မြန်မာ့ဘောလုံးအဆင့်အတန်းကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တိုးတက်မြင့်မားလာစေရန် ယခင်ကတည်းကပင် အဘက်ဘက်မှ ပံ့ပိုးကူညီ ဆောင်ရွက် လှူဒါန်းပေးခဲ့ကြောင်း၊ ယခုလည်း ပံ့ပိုး လှူဒါန်းသွားမည်ဖြစ်သလို နောင်တွင်လည်း ယခင်ကကဲ့သို့ပင် လိုအပ်သည်များကို ပံ့ပိုး လှူဒါန်းသွားမည် ဖြစ်ပါကြောင်း”ဖြင့်ပြော ကြားသွားသည်။

အကောင်းဆုံးဆု

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နာယက ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းအနေဖြင့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ပထမဆုရအသင်းအား ကျပ် သိန်း ၁၀၀၊ ဒုတိယဆုရအသင်းအား ကျပ် သိန်း ၅၀၊ အသန့်ရှင်းဆုံးဆုရ အသင်းအား ကျပ် ၂၅သိန်း၊ ပွဲစဉ်အလိုက် အနိုင်ရရှိသည့် အသင်းအား ကျပ် ၁၀သိန်းနှင့် ပွဲစဉ် အလိုက်အကောင်းဆုံးဆုရရှိသူအား ကျပ်သုံး သိန်း ချီးမြှင့်သွားမည်ဟု သိရသည်။

ယှဉ်ပြိုင်မည်

ကမ္ဘောဇ F.C မှာ မြန်မာနေရှင်နယ် လိဂ် ပြိုင်ပွဲမယှဉ်ပြိုင်မီ မေ၆ရက်မှ၁၀ရက် အထိ ကာဂျစ်ကစ္စတန်နိုင်ငံတွင် ကျင်းပမည့် AFC President's Cup ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို သွားရောက် ယှဉ်ပြိုင်မည်ဖြစ်သည်။ ၂၀၀၇-၂၀၀၈ ရာသီ မြန်မာလိဂ် အဆင့်အတန်း အမှတ်ပေး ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ဘဏ္ဍာ/အခွန်အသင်းမယှဉ်ပြိုင်၍ ဒုတိယ ဆုရ ကမ္ဘောဇအသင်းက သွားရောက် ယှဉ်ပြိုင်ခြင်းလည်းဖြစ်သည်။ ကမ္ဘောဇ F.C မှာ ယခုပြိုင်ပွဲကို နှစ်နှစ်ဆက်တိုက် ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ယမန်နှစ်ပြိုင်ပွဲတွင် ရလဒ် ကောင်းများ ရရှိခဲ့သော်လည်း AFC ၏ ရှုပ်ထွေးလှသည့် စည်းမျဉ်းများကြောင့် အုပ်စုအဆင့်ကို မကျော်နိုင်ခဲ့ခြင်းဖြစ်သည်။ စာချုပ်ချုပ်ဆိုထားသူ ၃၀မှ၂၃ဦးဖြင့် ပြင်းပြင်းထန်ထန်လေ့ကျင့် ပြင်ဆင်လျက်ရှိသည်။ ပြိုင်ပွဲတွင် အုပ်စု (ဂ)၌ အိမ်ရှင် ကာဂျစ်ကစ္စတန်ကလပ် ဒိုဒ္ဒိုင်းဒိုင်နမို၊ ဘူတန်ကလပ်ရိဇ်ဒင်၊ ကမ္ဘောဒီးယားကလပ် ဖနွမ်းပင်ကရောင်းတို့နှင့်အတူတူ ကျရောက်လျက်ရှိသည်။ အိမ်ရှင်ကလပ် ဒိုဒ္ဒိုင်းဒိုင်နမိုအသင်းမှာ ပြိုင်ပွဲတစ်လျှောက် အောင်မြင်မှုများ ရရှိထားသော အသင်းဖြစ်ပြီး ပြီးခဲ့သည့် လေးကြိမ်တွင် ပထမနှစ်ကြိမ်၊ ဒုတိယ တစ်ကြိမ်ရရှိထားသည်။ ကမ္ဘောဇအသင်းမှာ မေ ၆ရက်တွင် ဖနွမ်းပင်ကရောင်း အသင်း၊ ၈ရက်တွင် ရိဇ်ဒင်အသင်း၊ ၁၀ရက်တွင် ဒိုဒ္ဒိုင်းဒိုင်နမိုအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။ ကမ္ဘောဇ F.C သည် အုပ်ချုပ်သူ နည်းပြအဖွဲ့ ငါးဦး၊ ကစားသမား ၁၈ဦးဖြင့် သွားရောက် ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲယှဉ်ပြိုင်ရန်အတွက် ကမ္ဘောဇ F.C အသင်းသည် လာမည့် မေ၂ရက်တွင် လေကြောင်း ခရီးဖြင့် ကာဂျစ်ကစ္စတန်နိုင်ငံသို့ သွားရောက်မည်ဟု သိရသည်။ ။

(မြန်မာ့အလင်း)

“နိုင်ငံအတွက် ထူးချွန် ဘောလုံးသမားတွေ မွေးထုတ်ပေး နိုင်ဖို့ ဆောင်ရွက်သွားမှာပါ”

ဦးမိုးဆန်းအောင်
အမှုဆောင်အရာရှိချုပ်
ကမ္ဘောဇ F.C

လေ့ကျင့်ပြင်ဆင်

ကမ္ဘောဇ F.C အသင်း ဤသို့ လေ့ကျင့်လျက်ရှိသည်။ (မြန်မာ့အလင်း)

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာဆုတောင်းလွှာ

ချစ်ဖေဖေ ဦးမြင့်လွင်(တိုင်းမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ် မကွေးတိုင်း)-ချစ်မေမေ ဒေါ်သီတာဦးတို့၏ ၈-၄-၂၀၀၉ ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ တိုင်အောင် ချစ်သမီးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေ။

ချစ်သမီးကြီး - မအိအိခိုင် [B.P.A (Y.I.E) ဘဏ်ခွဲ-၃ ရန်ကုန်]
ချစ်သမီးငယ် - မထက်ထက်နိုင် (ဒုတိယနှစ်၊ ဓာတုဗေဒ၊ ဒဂုံတက္ကသိုလ်)
ချစ်သမီး - မချောစုလှိုင် (ပထမနှစ်၊ ပထဝီ၊ ဒဂုံတက္ကသိုလ်)။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေးပိုင် ရခိုင်ပြည်နယ် စစ်တွေမြို့ သို့ရုံစု(၅)ရှိ မြေ က-၁ သိုလှောင်ရုံတစ်လုံးအား ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်။

(က) **တင်ဒါရောင်းချရမည့်ရက်/အချိန်** - ၈-၄-၂၀၀၉ရက် - ၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ
(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၀-၄-၂၀၀၉ရက် - ၁၅း၀၀နာရီ
(ဂ) **တင်ဒါပုံစံရောင်းချမည့်နေရာ**- မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပြည်နယ်မန်နေဂျာ စစ်တွေမြို့၊ ရခိုင်ပြည်နယ်၊
(ဃ) **တင်ဒါသွင်းရမည့်နေရာ** - မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပြည်နယ်မန်နေဂျာရုံး စစ်တွေမြို့၊ ရခိုင်ပြည်နယ်၊ ဖုန်းအမှတ်-၀၄၃-၂၁၄၂၆။

၂။ အဆိုပါသိုလှောင်ရုံတစ်လုံး၏မျက်မြင်အခြေအနေကို သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ် အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့် နေရာများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်း အမှတ်-၀၄၃-၂၁၄၂၆ စစ်တွေမြို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

လူပျောက်ကြော်ငြာ



အထက်ပါ ဓာတ်ပုံပိုင်ရှင် ဦးဖိုးကျော် အသက်(၇၀) သည် ၁၈-၃-၂၀၀၉ရက်(ဗုဒ္ဓဟူးနေ့)တွင် ရွှေပြည်သာသို့သွားရာ ပျောက်ဆုံးနေသည်ဖြစ်ပါ၍ တွေ့ရှိပါက အမြန်ဆုံး သတင်းပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ကျေးဇူး အထူးဆပ်ပါမည်။

ဆက်သွယ်ရန် ဖုန်း-၆၄၅၅၁၁၊ ၀၉-၅၁-၂၄၀၈၄၊
အမှတ် ၇၂၅၊ ဘုရင့်နောင်လမ်း၊ ရွာမအနောက်၊ အင်းစိန်မြို့။

ဥတုရာသီ
တောကိုမှီ၏

THREE STAR

Air Con၊ ရေခဲသေတ္တာ တပ်ဆင်ခြင်း၊ ပြုပြင်ခြင်း၊ ဆေးကြောသန့်စင်ခြင်း၊ရောင်းဝယ်ခြင်းလုပ်ငန်းများ ကို Door to Door Service ဖြင့် ဆောင်ရွက်ပေးနေပါသည်။
ဖုန်း-၇၀၅၇၈၄၊၀၉-၅၁-၆၃၄၈၀။



စံပြကျေးလက်အိမ်ရာ သစ်တောစိုက်ခင်းထူထောင်ရေး နည်းစနစ်ဆိုင်ရာသင်တန်းနှင့် တာဝန်ပေးအပ်ပွဲ အခမ်းအနားကျင်းပ

ပဲခူး ဧပြီ ၇

ပဲခူးတိုင်း(အရှေ့) ပဲခူးခရိုင် သစ်တောဦးစီးဌာနက ကြီးမှူး၍ စံပြကျေးလက်အိမ်ရာ သစ်တောစိုက်ခင်းထူထောင်ရေး နည်းစနစ်ဆိုင်ရာ သင်တန်းနှင့် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၁ရက် နံနက် ၉နာရီက ပဲခူးခရိုင် သစ်တောဦးစီးဌာန၌ ကျင်းပရာ ခရိုင်အတွင်းရှိ ဦးစီးအရာရှိများ၊ မြို့နယ်ဦးစီးဌာနမှူးများနှင့် သစ်တောဝန်ထမ်းများ စုစုပေါင်း ၅၈ဦး တက်ရောက်ကြသည်။ **(အပေါ်ပုံ)** ရှေးဦးစွာ တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးခိုင်က အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဦးက မြို့နယ်တာဝန်ခံများထံ တာဝန်ပေးအပ်လွှာများ အပ်နှင်းကာ ဦးစီးအရာရှိ ဦးအောင်ထွန်းကြည်က လက်တွေ့ဆောင်ရွက်ကြမည့် လုပ်ငန်းများနှင့် ပတ်သက်၍ သင်တန်းပို့ချ ဆွေးနွေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ထားဝယ်ရိုးရာ သင်္ကြန်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၇

နှစ်စဉ် ကျင်းပမြဲဖြစ်သော ထားဝယ်အသင်း၏ ထားဝယ်ရိုးရာ သင်္ကြန် (ရေးဇီမှန်း)နှင့် မုန့်မျိုးစုံ လှူပွဲကို ဧပြီ ၁၃ရက် (သင်္ကြန်အကြိုနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ အမှတ်၈၂၈၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်ရှိထားဝယ်အသင်းတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသား၊ ထားဝယ်သူ ထားဝယ်သားများနှင့် မိတ်ဆွေသင်္ဂဟများအား အသင်းအမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၄/၂) ရပ်ကွက်နေ ဦးနိုင်ဝင်း-ဒေါ်တင်တင်မြင့် (ခ) ဒေါ်ချိုချို တို့၏သားကြီး

မောင်ကျော်ရှိန်ဝင်း [A.G.T.I (E.P)]
Electrical Technician
(Express Engineering Pte., Ltd, S'pore)

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက်နေ ဦးသန်းဝင်း-ဒေါ်လှဝေ တို့၏ သမီးကြီး

မပြည့်ရည်ဝင်း [A.G.T.I (Civil)]
Drafstperson-Cum-Estimator
(Vigcon Construction Pte., Ltd, S'pore]

တို့သည် နှစ်ဖက်သော မိဘတို့၏သဘောတူညီခွင့်ပြုချက်အရ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်မောင်ကျော်ရှိန်ဝင်း-မပြည့်ရည်ဝင်း။

နှစ်(၂၀)ပြည့် ကြေးထည်ရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဦးမြင့်အောင်(ခ)မော်ဒန်** (ဝိုင်းမော်စည်ပင်)-ချစ်မေမေ **ဒေါ်လွင်လွင်မာ** (သောင်းသန်းကုန်း) တို့၏ ၈-၄-၂၀၀၉ ရက်တွင် ကျရောက်သော နှစ်(၂၀)ပြည့် ကြေးထည် ရတုမင်္ဂလာ ရက်မြတ်မှသည် စိန်ရတုတိုင်အောင် ချစ်သော သားသမီးနှင့်အတူ ကျန်းမာချမ်းသာစွာဖြင့် သာသနာအကျိုး၊နိုင်ငံအကျိုးများကိုထမ်းဆောင်နိုင်ပါစေရန် ဆုမွန်ကောင်း တောင်းလျက်-

ချစ်သမီး - ဂျူလိုင်မြင့်အောင်(မြစ်ကြီးနားတက္ကသိုလ်)
ချစ်သား - ဟိန်းလင်းလက်အောင်(အထက-ခွဲ၊ဝိုင်းမော်)။

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေစံပယ်ရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ အမှတ် F/S ၁၄ တွင်တည်ရှိသော Proven Technology Industry Co.,Ltd. ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

Proven Technology Industry Co.,Ltd. သည် ကုမ္ပဏီများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် ၉၁၇-၁၉၉၆/၉၇ အရ မှတ်ပုံတင်ခဲ့ပြီး မြန်မာနိုင်ငံအစိုးရ အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာနတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်း မှတ်ပုံတင်အမှတ် ရက/ကြီး/၇၅၆အရ ၁၂-၄-၁၉၉၉ရက်မှစ၍ ဘက်ထရီအိုးလုပ်ငန်းအတွက် မှတ်ပုံတင်လက်မှတ်ရရှိခဲ့ပြီး ဖြစ်သည့်အပြင် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် ၄/၈၃၁၄/၂၀၀၈ အရ မှတ်ပုံတင်သွင်းခဲ့ပြီး မြန်မာနိုင်ငံတွင် ဘက်ထရီများကို တရားဝင်ထုတ်လုပ်၍ ဖြန့်ချိရောင်းချလျက်ရှိပါသည်။

(၄/၈၃၁၄/၂၀၀၈)

အဆိုပါကုန်အမှတ်တံဆိပ်သည် ကျွန်ုပ်၏ အမှုသည်ကသာလျှင် ကိုယ်ပိုင်ဥစ္စာဖြင့် စတင် တီထွင်အသုံးပြုခဲ့ခြင်းဖြစ်ပါသည်။ မည်သူမဆို အဆိုပါ ကုန်အမှတ်တံဆိပ်ကို Proven Technology Industry Co., Ltd. ၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ အတုပြုလုပ်ခြင်း၊ ထင်ရောင်ထင်မှားပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် တုပပြုလုပ် သုံးစွဲပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထိန်လင်းဦး(LL.B) တရားရုံးချုပ်ရှေ့နေ
အခန်း၃၀၄၊ တတိယထပ်၊ MAC Tower (1)
အမှတ်၅၆၇၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၇၆၃၁၈၊ e-mail:mtpip@mptmail.net.mm

အထက(၁)စမ်းချောင်း ပထမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၇

အထက(၁)စမ်းချောင်း၌ ၁၉၈၁ခုနှစ်မှ ၁၉၉၅ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ပွဲ အခမ်းအနားကို မေ ၁ရက်(အလုပ်သမားနေ့) နံနက် ၉နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အခမ်းအနားသို့ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဒေါ်မြင့်မြင့်စိန် ဖုန်း-၀၁- ၅၃၅၇၅၃၊ ဒေါ်ဝင်းနွဲ့ခိုင် ဖုန်း-၀၁-၅၃၅၇၅၃၊ ဒေါ်သိန်းသန်းဌေး ဖုန်း-၀၁-၅၀၁၇၀၅၊ ဦးအောင်မြင့်ဟန် ဖုန်း-၀၉-၅၁-၇၄၀၂၀၊ ဦးမောင်မောင်ဇော် ဖုန်း-၀၉-၅၀- ၄၉၀၉၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရေဝတီတိုင်း၊ မြောင်းမြမြို့၊ အမှတ် ၆၁၊ ၁၁ လမ်းနေ
ဦးကိုကို(သင့်မိတ်ဆွေဆန်စက်)-ဒေါ်ညွန့်ညွန့်သန်းတို့၏ သားကြီး

ဒေါက်တာသုတကိုကို (M.B., B.S)(Mgy)

နှင့်

ပဲခူးတိုင်း၊ တောင်ငူမြို့၊ ၁၂/၂၊ ၅ လမ်းနေ
ဦးသက်တင်-ဒေါ်ကြည်ကြည်ဌေး(လ/ထ မန်နေဂျာ၊ ဘဏ္ဍာရေး၊ မြန်မာ့သစ်လုပ်ငန်း) တို့၏ တစ်ဦးတည်းသောသမီး

ဒေါက်တာသဲဖြူဖြူဇင် (M.B., B.S)(Mgy)
သရုပ်ပြ ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်

တို့သည် ၅-၄-၂၀၀၉ရက် (တနင်္ဂနွေနေ့)တွင် တောင်ငူမြို့ တော်ဝင်ကေတုမတီဟိုတယ်၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာသုတကိုကို-ဒေါက်တာသဲဖြူဖြူဇင်။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့ ရွှေပေါက်ကံမြို့သစ်နေ
ဦးထိန်ဝင်း-ဒေါ်စန်းစန်းတင့်တို့၏သား

ဗိုလ်ကြီးအောင်ကျော်စန်း B.Sc(D.S.A) တပ်မတော်(လေ)

နှင့်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြိုင်ဟောဝန်အိမ်ရာနေ
ဦးမင်းသိန်း(လ/ထ ညွှန်ကြားရေးမှူး၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေး ဦးစီးဌာန၊ နေပြည်တော်)-ဒေါ်ခင်လေးရီ (မေ့မေတ္တာ ခေတ်မီအမျိုးသမီးဝတ်စုံ) တို့၏သမီး

မခင်စန္ဒာမင်း B.A (Eng)
Int'l Traffic Dept. (Air Bagan Ltd.)

တို့၏ ၅-၄-၂၀၀၉ရက်(တနင်္ဂနွေနေ့)တွင် Summit Parkview Hotel ၌ ကျင်းပပြီးစီးသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၏ဇနီး ဒေါ်ထွေးထွေးညွန့်အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်သိန်းမြင့်(ငြိမ်း)(တပ်မတော်-လေ)နှင့်ဇနီး ဒေါ်ခင်မြင့်ရီတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြပါသော တပ်မတော်မှ အရာရှိကြီးများနှင့်ဇနီးများ၊ လေကြောင်းလိုင်းအသီးသီးမှ လေယာဉ်မှူးကြီးများ၊ တွဲဖက်လေယာဉ်မှူး များ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင် တက်ရောက် မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြပါသော ရပ်နီးရပ်ဝေးမှ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မဆန္ဒစိုး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ကိုင်ဆောင်ပေးသော မနွယ်နီဝင်း (Air Bagan Ltd.)၊ သတို့သားအရံများဖြစ်ကြသော ဗိုလ်ကြီးကျော်သူလတ်နှင့် ဗိုလ်ကြီးထွန်းမင်းလတ်၊ သတို့သမီးအရံများဖြစ်ကြသော မစုနန္ဒာအောင်(Air Bagan Ltd.)နှင့် မဖြိုးသီရိမွန် (Air Bagan Ltd.)တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဒေါ်ခင်ဝါဝါမြင့်(မြဝတီရုပ်မြင်သံကြား)၊ မင်္ဂလာအခါတော်ပေး တေးသံရှင် စိမ်းမို့မို့နှင့် The Aces တေးဂီတအဖွဲ့၊ မိတ်ကပ်ဆံပင် ခင်စန်းဝင်းနှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုဝဏ္ဏခွာနီး၊ မင်္ဂလာဝတ်စုံအန်တီကေသီ၊ ဒီဇိုင်းမဆန္ဒစိုး၊ Summit Parkview Hotel မှ ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးများ၊ မိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလုံးကိုလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးအောင်ကျော်စန်း-မခင်စန္ဒာမင်း။

မြန်မာ့အလင်း ဖောင်ပိတ်သတင်း

ရစ်ချ်တာစကေး ၇ ရှိ အင်အားပြင်းငလျင် ရုရှားကမ်းလွန်၌ လှုပ်ခတ်သွား

မော်စကို ဧပြီ ၇

ရုရှားနိုင်ငံ ကူရယ်လ်ကျွန်းစု အရှေ့မြောက်ဘက် ၂၉၃ကီလိုမီတာအကွာ ရေအောက်ကြမ်းပြင်ကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၇ အဆင့် အင်အားပြင်း ငလျင်တစ်ခု ဧပြီ ၇ရက် ဒေသစံတော်ချိန် ညနေ ၄နာရီ ၂၄မိနစ်က လှုပ်သွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဖော်ပြထား

အဆိုပါ အင်အားပြင်းငလျင် လှုပ်မှုကြောင့် ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်း မရှိကြောင်းနှင့် လောလောဆယ်တွင် ထိခိုက်သေဆုံးမှု သတင်း မရရှိသေးကြောင်း ဖော်ပြထားသည်။ **(အင်တာနက်)**

မီးကြွင်း
မီးကျန်
မထားရန်
ကျင့်ကြံသတိ
အမြဲရှိ

ရတနာပုံဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ ညှိနှိုင်းစည်းဝေး မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် တက်ရောက်အမှာစကားပြောကြား

မန္တလေး ဧပြီ ၂

ရတနာပုံဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့၏ လစဉ်ပုံမှန်ညှိနှိုင်း အစည်းအဝေးကို မတ် ၂၆ရက် ညနေ ၄နာရီခွဲက ဈေးချိုတော်အနီး ရတနာပုံဘဏ်လီမိတက် အစည်းအဝေးခန်းမ၌ကျင်းပရာ ရတနာပုံ ဘဏ်လီမိတက်ဥက္ကဋ္ဌမန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် တက်ရောက် အမှာ စကား ပြောကြားသည်။

အစည်းအဝေးသို့ ရတနာပုံဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဝင် များနှင့် ရတနာပုံဘဏ်လီမိတက် လက်ထောက်အထွေထွေမန်နေဂျာ ဦးခင်မောင်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရတနာပုံဘဏ်လီမိတက်ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်က အမှာစကားပြောကြားသည်။ ထို့နောက် ရတနာပုံဘဏ်လီမိတက် လက်ထောက်အထွေထွေ မန်နေဂျာက ယခင်လအစည်းအဝေးမှတ်တမ်းကို ဖတ်ကြားတင်ပြပြီး ဒါရိုက်တာ အဖွဲ့၏ အတည်ပြုချက်ကို ရယူသည်။

ဆက်လက်၍ မတ် ၂၅ရက်တွင် ရတနာပုံဘဏ်လီမိတက်၏ ငွေစာရင်းအခြေအနေကို ဘဏ်လက်ထောက်အထွေထွေမန်နေဂျာက ရှင်းလင်းတင်ပြသည်။ ထို့နောက် ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ ချေးငွေလျှောက်လွှာများကို စိစစ်ညှိနှိုင်း ဆုံးဖြတ်ကြသည်။

မှာကြား

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ပြီး မြို့တော်ဝန်သည် ဘဏ်အတွင်း ဘဏ်လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ (၃၁၃)

(၆၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု မိုးညှင်းမြို့ စဝ်စံထွန်းလမ်း ကတ္တရာလမ်းသစ်ဖွင့်

မိုးညှင်း ဧပြီ ၂

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော မြို့ပြလမ်းဖြစ်သည့် စဝ်စံထွန်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ရက် နံနက် ၈ နာရီက အဆိုပါလမ်းထိပ်မုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် လမ်းနှင့်ပတ်သက်သော အချက်အလက်များကို တာဝန်ခံအင်ဂျင်နီယာ ဦးအင်န်ခွန်အောင်က တင်ပြပြီး နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးအေးမင်းသိန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဟန်၊ မြို့နယ် စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးခင်မောင်ဆွေနှင့်အဖွဲ့ ဘူးသီးတောင်မြို့နယ် အမှတ်(၅)ရပ်ကွက် မြေသားရေကန် အဆင့်မြှင့်ဆောင်ရွက်မည့် အခြေအနေကို အမှုဆောင်အရာရှိဦးစောဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမင်းထွန်း တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

သံတောင်ကြီး၌ ပညာအလင်းစာကြည့်တိုက်ဖွင့်

သံတောင်ကြီး ဧပြီ ၆

သံတောင်ကြီးမြို့နယ် ပျားစခန်းကျေးရွာ ပညာအလင်းစာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂၈ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ စာကြည့်တိုက်ကို ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သိန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစောတီမသေနှင့် စာကြည့်တိုက်အကျိုးဆောင် ဦးစော ဂျိုးဇက်ဖောတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးကျော်သိန်းက အမှာစကားပြောကြားပြီး စာကြည့် တိုက်အကျိုးတော်ဆောင် ဦးစောဂျိုးဇက်ဖောက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက် များကို ရှင်းလင်းပြောကြားကာ မြို့နယ်ဦးစီးမှူး ဦးစောတီမသေက စာကြည့်တိုက်အကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ထားဝယ်ခရိုင် ပြန်/ဆက်ဦးစီးဌာန ဝန်ထမ်းများ စံ(၅)ရပ်နှင့်အညီဆောင်ရွက်ရေး ထပ်ဆင့်ရှင်းလင်း

ထားဝယ် မတ် ၃၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့၌ ဝန်ကြီး၏မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲနှင့် လုပ်ငန်းညှိနှိုင်းပွဲကို ဖေဖော်ဝါရီ ၂၇ရက် နံနက်၁၀နာရီက ထားဝယ်ခရိုင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းမှာကြား

ရှေးဦးစွာ တနင်္သာရီတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းက ဝန်ကြီး၏ မှာကြားချက်များဖြစ်သည့် ၂၀၀၉-၂၀၁၀ပြည့်နှစ် ရည်မှန်းချက် တာဝန်များ၊ ဦးစီးဌာန အတွက်ချမှတ်ပေးထားသော လုပ်ငန်းတာဝန်(၁၁)ရပ်၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့် တိုက် ရှင်သန်ခိုင်မာရေး သတ်မှတ်စံ(၅)ရပ်နှင့် ညီညွတ်ရေး၊ စာဖတ်သူတိုးပွားရေး၊ စာငှားစနစ်နှင့် စာငှားကတ်ကျင့်သုံးရေး၊ ဝန်ထမ်းများ အရည်အသွေးမြင့်မားရေး စသည် များကို ထပ်ဆင့်ရှင်းလင်း မှာကြားသည်။

ချီးမြှင့်

ထို့နောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပရာ ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ် ဦးစီးမှူးများက လုပ်ငန်းဆောင်ရွက်နေမှုများတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းလက်ထောက်ညွှန်ကြားရေးမှူးကလိုအပ်သည်များဖြည့်စွက်မှာကြားကာ နှစ်ပတ်လည်နေ့ အခမ်းအနား၌ ဆုရရှိသည့် သရက်ချောင်းမြို့နယ် ဦးစီးမှူး ဦးနိုင်ဝင်းက ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို ထပ်ဆင့်ချီးမြှင့်ကြောင်း သိရသည်။ **(တိုင်း ပြန်/ဆက်)**

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော သီပေါမြို့ မြို့လယ်ရပ်ကွက်ရှိ သြဘာလမ်း ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၂၃ရက်က စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့်အဖွဲ့ ကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်က ရှင်းလင်းတင်ပြစဉ်။ (၀၂၀)

အလုပ်သမားဝန်ကြီးဌာန မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ပြည်တွင်း ကုန်တင် ကုန်ချကော်မတီ တည်ထောင်ခဲ့သည့် (၄၆)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မော်လမြိုင် မြို့နယ် ပြည်တွင်းကုန်တင်ကုန်ချကော်မတီကကြီးမှူး၍ အလုပ်သမားမိသားစု ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို မတ် ၁၅ရက်က မော်လမြိုင်မြို့ အလက(၅) ဘောလုံးကွင်း၌ကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ဦးကျော်ကျော်ဦးက ဗိုလ်စွဲသွားသော အထွေထွေဌာနခွဲ(ခ)ဘောလုံးအသင်းအား ဆုချီးမြှင့်စဉ်။ (၀၁၄)

နတ်မောက်၌ နွေစပါးကောက်စိုက်ပြိုင် ဆုရသူများအား ဆုပေးအပ်ချီးမြှင့်

နတ်မောက် မတ် ၃၁

နတ်မောက်မြို့နယ်၏ နွေစပါးကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ကို မတ် ၁၄ရက် နံနက်ပိုင်းက စာရံအိုင်ကျေးရွာ သိမ်တော်ကွင်း ကွင်းအမှတ် ၈၃၆ရှိ တောင်သူ ဦးကျော်ဝင်း၊ဦးသိန်းမြင့်တို့၏ လယ်ကွင်း၌ ကျင်းပသည်။

နွေစပါးကောက်စိုက်စွမ်းရည်ပြိုင်ပွဲသို့ နတ်မောက် တမံ ဆည်ရေသောက်ဒေသမှ အင်းကုန်းအုပ်စု၊ န/လက္ခပွင်အုပ်စု၊ ဘုန်းတော် ပြည့်အုပ်စု၊ ကျောက်တံခါးတမံ ဆည်ရေသောက် ဒေသမှ ပ/လက္ခပွင်ဘန်းကုန်း၊ ပ/ငွေးချို၊ ကျောက်တံခါး၊ ကျောင်းကုန်း၊ ရွှေပန်းတောနှင့် အလယ်ရွာစသည့် အုပ်စု ၁၀ အုပ်စုမှ ကောက်စိုက်အဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဆုပေးပွဲကိုကျင်းပရာ မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသန်းကိုက ပြိုင်ပွဲကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပထမဆုရရှိသော ရွှေပန်းတောအုပ်စုသို့ ဆုငွေကျပ် ၁၀၀၀၀၀၊ ဒုတိယရရှိသော ဘုန်းတော်ပြည့်အုပ်စု ကောက်စိုက်အဖွဲ့အား ငွေကျပ် ၇၀၀၀၀နှင့် တတိယဆုရရှိသော အင်းကုန်းအုပ်စု ကောက်စိုက်အဖွဲ့အား ငွေကျပ် ၅၀၀၀၀တို့ကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့် ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ် ရွှေကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက် မည့် ဘိုကုန်းအုပ်စု ပေါလောကျေးရွာ နှစ်လက်မစက်ရေတွင်း တူးဖော်မည့်နေရာနှင့် ရေစက်ရုံ၊ ရေကန်နေရာ များကို ဇန်နဝါရီ ၅ရက်က အမှုဆောင်အရာရှိ ဦးခင်အောင်နီ၊ လက်ထောက်အင်ဂျင်နီယာနှင့် ကော်မတီဝင်များ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၁၇၉)

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးအတွက် ရွက်လှမြိုင်ပျိုးဥယျာဉ်တွင် ပျိုးပင်များပျိုးထောင်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂၅ရက်က အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

မင်းကင်း မတ် ၃၁

စစ်ကိုင်းတိုင်း မင်းကင်းမြို့ ပြည်သူ့အားကစားကွင်း၌ မြို့ပေါ်ရပ်ကွက် ၁၊ ၂၊ ၃ နှင့် မြို့ဝန်းကျင်ကျေးရွာများမှ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ ကျော်တို့အား အခြေခံမီးသတ်ပညာသင်တန်းကို ကလေးခရိုင် မီးသတ်ဦးစီးဌာနမှ ဦးဝင်းမင်းထွန်းနှင့်အဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မင်းကင်းမြို့နယ် ရဲတပ်ဖွဲ့မှ စခန်းမှူး ဦးအုန်းသိန်းတို့က ပို့ချကြသည်။

ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင်များဖြင့် မီးသတ်ယာဉ်နှင့် လက်တွေ့မီးငြိမ်းသတ် ဇာတ်တိုက်လေ့ကျင့်မှု ပြုလုပ်ပြီး မင်းကင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် ခရိုင်မီးသတ်ဦးစီးဌာန တပ်စုမှူး ဦးဝင်းမင်းထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကျော်ထင်မောင်မောင် ဦးဆောင်သည့် အရန်မီးသတ်နှင့်အဖွဲ့ဝန်ထမ်းများပါဝင်၍မီးသတ်ယာဉ်ဖြင့်လက်တွေ့မီးငြိမ်းသတ်ဇာတ်တိုက်လေ့ကျင့်နေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညီညီဝင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်အေးနှင့် ရပ်မိရပ်ဖများက ကြည့်ရှုစစ်ဆေး အားပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဆွေးနွေး

မကွေး မတ် ၃၀

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ဆွေးနွေးပွဲကို မတ် ၁၈ရက် မွန်းလွဲ ၁နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)**ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းများကို ဒုတိယညွှန်ကြားရေးမှူးဦးမျိုးဆက်အောင်က ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးပွဲသို့ တိုင်း၊ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြောင်း သိရသည်။

(တိုင်း ပြန်/ဆက်)

သထုံမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ကြောင်းငါးကြောင်းဖြင့် ကွင်းဆင်းဆောင်ရွက်

သထုံ မတ် ၃၁

သထုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးညီညီခိုင် ဦးဆောင်သော သထုံမြို့နယ်အတွင်းမှ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံခန့်ခွဲရေးစစ်ကြောင်း၊ စီးပွားရေးစစ်ကြောင်း၊ လူမှုရေးစစ်ကြောင်း၊ စည်းရုံးရေးစစ်ကြောင်းနှင့် လုံခြုံရေးစစ်ကြောင်းဟူ၍ စစ်ကြောင်းကြီး ငါးကြောင်း အင်အား ၁၂ဦးဖြင့် သထုံမြို့နယ်အောက်ကွင်းကျေးရွာများဖြစ်သည့် ဆိပ်ကျွန်းကျေးရွာ၊ မရမ်းကုန်းကျေးရွာ၊ ဘူဒင်းချောင်ကျေးရွာများသို့ ဖေဖော်ဝါရီ ၂၅ရက်က ကွင်းဆင်းဆောင်ရွက်ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် စစ်ကြောင်းကြီးငါးကြောင်းမှ တာဝန်ရှိသူများသည် နံနက် ၁၀ နာရီက မရမ်းကုန်းကျေးရွာ ရွှေမာလာဘုရားဝင်းအတွင်းရှိ ဓမ္မာရုံပေါ်တွင် ကျေးရွာအတွင်းရှိ ကျေးရွာသူကျေးရွာသား ၈၂၃ ဦးတို့အားလည်းကောင်း၊ မွန်းလွဲ၂ နာရီတွင် ဘူဒင်းချောင်ကျေးရွာ အမကကျောင်းတွင် ကျေးရွာသူ ကျေးရွာသား ၇၅ ဦးတို့အားလည်းကောင်း၊ ညနေ ၄ နာရီတွင် ဆိပ်ကျွန်းကျေးရွာ ဆိပ်ကျွန်း ဘုန်းကြီးကျောင်းပေါ်တွင် ကျေးရွာသူ ကျေးရွာသား ၁၇၅ ဦးတို့အားလည်းကောင်း တွေ့ဆုံ၍ မိမိတို့၏ကဏ္ဍအလိုက် ဆောင်ရွက်ချက်များနှင့် ကျေးရွာများ၏လိုအပ်ချက်များကို မေးမြန်းဆွေးနွေးကာ ဝိုင်းဝန်းကြိုးပမ်းဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၆၄)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ ပေါက်တော၌ကျင်းပ

ပေါက်တော ဧပြီ ၂

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်၊ လက်ကမ်းစာစောင်ပြပွဲကို မတ်၂၇ရက် နံနက်၇နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပေါက်တောမြို့နယ်ရုံး ခြံဝင်းအတွင်းကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးထွန်းအေးကျော်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ **(အပေါ်ပုံ)**

ခင်းကျင်းပြသ

အဆိုပါပြခန်းတွင် (၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များနှင့်အညီ ဓာတ်ပုံ၊ ဆောင်းပါး၊ကဗျာ၊လက်ကမ်းစာစောင်နှင့် ပြည်သူများသိသင့်သိထိုက်သော သတင်းအချက်အလက်များ၊ တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်မှု ရောင်စုံဓာတ်ပုံများနှင့် စာအုပ်ကောင်းများကို ခင်းကျင်းပြသကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၇၂)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဧပြီ ၇

မြန်မာ့သစ်လုပ်ငန်း အမှတ်(၆) သစ်စက်မှ ဦးမြဝင်း(လွှပြင်အဆင့်-၃) (လူမှုထူးချွန် ပထမဆင့်) **(အပေါ်ပုံ)**သည် ဖေဖော်ဝါရီ ၂၀ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီးသွေးလှူဘဏ်၌(၇၂)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ဧရာဝတီမြစ် ကမ်းနားလမ်းတွင် အရှည် ၂၅၁ပေ ကျောက်စီမြေထိန်းနံရံဆောင်ရွက်မှုကို မတ် ၁ရက်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချို ကွင်းဆင်းစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်နှင့် လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဖြိုးဝေလင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော သပြေလမ်း ကျောက်ချောခင်းမှုကို ဖေဖော်ဝါရီ ၂၆ရက်က အမှုဆောင်အရာရှိ ဦးစိုင်းအောင်လင်း ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်နိုင်ဝင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကာမိုင်းမြို့ ရေပေးရေး စက်များပြုပြင်

ကာမိုင်း ဧပြီ ၃

ကာမိုင်းမြို့ စည်ပင်သာယာရေးအဖွဲ့ မြို့တာဝန်ခံ ဦးစီးအရာရှိ ဦးမိုးလွင်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ)ဦးအောင်ဇော်ထွေးတို့ မတ်၂၈ရက်က မြို့မ(၁)ရပ်ကွက်နှင့် မြစိမ်းရောင်ရပ်ကွက်တို့ရှိ မြို့ရေပေးရေး လက်နှိပ်တုံကင်များရေရရှိမှုနှင့် စက်များကြံ့ခိုင်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ပြုပြင်မှုကို ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် ဆင်ဖြူကျွန်း-မိုးကုတ်ရိပ်သာကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသိန်းထွန်းဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဟားခါးမြို့ အထက(၃)ကျောင်းလမ်း ကတ္တရာလမ်းဖွင့်

ဟားခါး ဧပြီ ၂

(၆၄)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဟားခါးမြို့စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် မြို့ပြငွေလုံးငွေရင်းလုပ်ငန်း ခွင့်ပြုငွေကျပ် ၆၇၁၀၀၀၀နှင့် ပြည်သူများက ထည့်ဝင်ငွေကျပ် ၂၂၇၀၀၀၀ဖြင့် အကုန်အကျခံ၍ လမ်းအရှည်ပေ ၁၅၀၀ရှိသော အထက(၃)ကျောင်းလမ်း ကတ္တရာလမ်းဖွင့်ပွဲကို မတ် ၂၅ရက် နံနက် ၈နာရီခွဲက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတမ်အောင်က လမ်းဖြစ်မြောက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့မိမြို့ဖကိုယ်စား ဦးတီလ်နှင်းက ကျေးဇူးတင်စကားပြောကြားသည်။

စက်ခလုတ်နှိပ်ဖွင့်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးဆွေခန့်ထန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတမ်အောင်နှင့်ပြည်တော်သာရပ်ကွက် ဥက္ကဋ္ဌ ဦးဆွေလျန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက လမ်းမုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

မော်လမြိုင်မြို့၌ ယာဉ်/လမ်းစည်းကမ်းအကြောင်း အသိပညာပေးဆွေးနွေး

ရန်ကုန် ဧပြီ ၇

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း အသိပညာပေး ဆွေးနွေးဟောပြောပွဲကို မတ်၁၅ရက်က မော်လမြိုင်မြို့နယ် မရမ်းကုန်းရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ မော်လမြိုင်မြို့နယ် ယာဉ်စည်းကမ်းစစ်ဆေးရေးတာဝန်ခံ ယာဉ်ထိန်းဒုတိယရဲမှူးမြင့်အေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်းကို ဟောပြောပို့ချသည်။ **(အပေါ်ပုံ)**

ဟောပြောဆွေးနွေး

အလားတူ မတ်၁၆ရက်က မော်လမြိုင်မြို့နယ် ပန်းဘဲတန်းရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ လည်းကောင်း၊ မတ်၁၇ရက်က မော်လမြိုင်မြို့နယ် မြိုင်သာယာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌လည်းကောင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိရောက်စွာလိုက်နာစေရေးအတွက် အသိပညာပေးဟောပြောဆွေးနွေးပို့ချခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်းဆင်းပွဲကျင်းပ

မန္တလေး ဧပြီ ၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ်(၇)သင်တန်းဆင်းပွဲကို မတ် ၂၆ရက် နံနက် ၉ နာရီက မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဝန်ထမ်းရေးရာနှင့် သင်တန်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးညွန့်တင်တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး ဆုရရှိသူများအား ထူးချွန်ဆုချီးမြှင့်ကာ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

တက်ရောက်

အဆိုပါသင်တန်းဆင်းပွဲသို့ မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ဇေယျနှင့် ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများ၊ ဦးစီးအရာရှိများ၊ သင်တန်းနည်းပြများနှင့် အထက်မြန်မာပြည်မှ သင်တန်းသား စုစုပေါင်း ၄၀ တက်ရောက်ကြကြောင်း သိရသည်။

(ပြည်တွင်းအခွန်)

ဓမ္မဒူတဇေတဝန်တောရ၊ သင်္ကြန်(လူကြီး) တရားစခန်းဖွင့်မည်

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ အောက်ဝါးနက်ချောင်းကျေးရွာ၊ ဓမ္မဒူတဇေတဝန်တောရ ဆေကိန္ဒာရာမကျောင်းတိုက်ကြီး၌ သင်္ကြန်(လူကြီး) တရားစခန်းပွဲကို ဧပြီ ၁၃ ရက်မှ ဧပြီ ၁၇ရက်အထိ ငါးရက်ဖွင့်လှစ်မည်ဖြစ်ပြီး တရားစခန်းသို့ နံနက် ၈ နာရီအရောက် လာကြရန်ဖြစ်သည်။ ယောဂီဦးရေ ကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းထားသူများကိုသာ လက်ခံမည်ဖြစ်သည်။

တရားစခန်း ဝင်ရောက်လိုသူများသည် ဧပြီ၈ရက်မှစ၍ ပတ်စ်ပို့ဓာတ်ပုံ နှစ်ပုံနှင့် မှတ်ပုံတင်မိတ္တူ တစ်စောင်စီဖြင့် အောက်ပါ ဖုန်းနံပါတ်များသို့ စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

ဦးသိန်းဝင်း	-	ဖုန်း-၅၄၀၀၉၂၊
ဦးလှကြည်	-	ဖုန်း-၂၄၅၇၃၃၊
ရှိုင်းဟုပ်ကုမ္ပဏီ	-	ဖုန်း-၇၀၅၅၅၈၊၅၃၈၂၆၈၊
ဇာနည်ညီနောင်ဆေးဆိုင်	-	ဖုန်း-၂၉၃၅၆၇၊
ဓမ္မဒူတ (မှော်ဘီ)	-	ဖုန်း-၆၂၀၅၂၀။



တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၉ခုနှစ် တရားမဇာရီမှုအမှတ် -၁၃(အမ်) ၀၉

မြန်မာ့စီးပွားရေးဘဏ်	**နှင့်**	၁။	ဦးမောင်မောင်အေး
မိတ္ထီလာမြို့။		၂။	ဒေါ်ညွန့်ရီ
တရားနိုင်			**တရားရှုံးများ**

၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ်-၅၈၂တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၉ခုနှစ် မေ ၂၅ရက် (မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် နယုန်လဆန်း၂ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

၁။ မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်ရှိ၊ အကွက်အမှတ်(၁၆/ဓ-ရန်မျိုးအောင်)၊ ဦးပိုင်အမှတ်(၃၄)၊ မြေချိန်ဧရိယာ ဝ ဒသမဝ၉ဝဧကရှိမြေနှင့် ယင်းမြေပေါ်တွင် (၃၀×၂၇)ပေရှိ သွပ်မိုးနှစ်ထပ်တိုက်နှင့်တွဲလျက် (၂၇×၁၅)ပေရှိ မီးဖိုချောင်၊ ရေချိုးခန်း၊ အိမ်သာနှင့် (၁၀×၁၇)ပေရှိ ကားဂိုဒေါင်၊ (၁၂×၈)ပေရှိ အုတ်ရေကန်။

၂။ မိတ္ထီလာမြို့၊ ဇောင်ချမ်းကုန်းရပ်၊ အကွက်(၁၉/၃)၊ မြေကွက်(၁၅၄+၁၅၅)၊ ဧရိယာ ဝ ဒသမဝ၁၃၄ဧကရှိမြေ၊ မြေကွက်ပေါ်တွင် (၃၀×၁၆)ပေရှိ သွပ်မိုး၊ အာရ်စီတစ်ထပ်တိုက်တွဲလျက် ရေချိုးခန်း၊ရေကန်နှင့်(၄၈×၂၀)ပေရှိ သွပ်မိုးတစ်ထပ်တိုက်၊ ရေလောင်းအိမ်သာ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၄၀၀။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည် မဟုတ်ပါ။

(၂) လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ခုနှစ် မတ် ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကျော်လင်းမောင်
တွဲဖက်တိုင်းတရားသူကြီး(၆)၊
မန္တလေးတိုင်းတရားရုံး။

ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ် အထက (၄) ပဉ္စမတန်း(D)တွင် ပညာသင်ကြားနေသော မမေခိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးသန်းရှိန် ၁၂/မဂဒ(နိုင်) ဝ၆၈၆၉၃ ဖြစ်ပါသည်။ **ဦးသန်းရှိန်။**

အမည်ပြောင်း

ရန်ကုန်မြို့နေ အဖ ဦးနေမောင်ဦး၏သား မောင်ချမ်းမြေ့စံအား ယနေ့မှစ၍ မောင်ကောင်းပြည့်စုံဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းပြည့်စုံ။**

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စက/၃၀၆၈၇ ဟိုက်ဘတ်ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဦးကျော်နိုင်ဝင်း ၅/စကန(နိုင်) ဝ၀၃၃၇၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(စစ်ကိုင်းမြို့)။**

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စက/၂၁၃၈၉ ဂျာလင်းဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဝင်း ၅/စကန(နိုင်) ၁၆၄၄၀၉က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(စစ်ကိုင်းမြို့)။**

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၈၈၄၅ Jialing ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းတင် ၉/မရမ(နိုင်)၀၀၇၂၂၃က ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့။**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၁ယ/၇၀၇၅၀ ဟွန်ဒါ C90 Custom CMV လက်ဝယ်ရှိသူ ဦးမျိုးကျော်အောင် ၇/အဖန(နိုင်) ၀၅၈၆၂၀၏ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့် ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ပခုက္ကူ)။**

မင်းလှဓမ္မရိပ်သာကျောင်း သင်္ကြန်(၁၀)ရက်တရားစခန်းပွဲ

ဗဟန်းမြို့နယ်၊မင်းလှဓမ္မရိပ်သာကျောင်း သင်္ကြန်(၁၀)ရက်တရားစခန်းပွဲကို ဧပြီ၁၂ရက်မှ ၂၁ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများနှင့် ဒုလ္လဘရဟန်းဝတ်လိုသူများ ရိပ်သာ ဖုန်း-၅၄၀၂၈၉သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ပါသည်။

K-Trio Garment အထည်ချုပ်လုပ်ငန်း အစုရှယ်ယာဝင် ဒေါ်ဆိုင်းပါ ၁/မကန(နိုင်)၀၀၃၅၃၆နှင့် ဒေါ်ဆိုင်းရာ ၁/ဗမန(နိုင်)၀၄၃၉၆၃ တို့အား အသိပေးအကြောင်းကြား တောင်းဆိုခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ် ဇုန်(၁)၊ ဦးထွန်းညိုလမ်း၊ အမှတ်(၉၉)မြေကွက်နှင့် အဆောက်အအုံကို ဒေါ်ယွန်နူးက ငှားရမ်း၍ K-Trio အထည်ချုပ်လုပ်ငန်းကို စတင်ထူထောင်လုပ်ကိုင်ခဲ့ကြောင်း၊ အဆိုပါ K-Trio အထည်ချုပ်လုပ်ငန်းတွင် လူကြီးမင်း ဒေါ်ဆိုင်းပါနှင့် ဒေါ်ဆိုင်းရာတို့က အစုရှယ်ယာငွေများကိုထည့်ဝင်၍ လုပ်ကိုင်ခဲ့သည့်အတွက် K-Trio အထည်ချုပ်လုပ်ငန်းတွင်အသုံးပြုသော စက်ပစ္စည်းများအားလုံးသည် သုံးဦးပိုင်ဆိုင်သော ပစ္စည်းများဖြစ်ကြောင်း၊ K-Trio အထည်ချုပ်လုပ်ငန်းသည် လုပ်ငန်းလုပ်ကိုင်စဉ်ကာလအတွင်း ဆုံးရှုံးမှုငွေကျပ် ၃၃၀၀၀၀၀၀(ငွေကျပ်သိန်းသုံးရာ့သုံးဆယ်)ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် (၁)ဒေါ်ယွန်နူး၊ (၂) ဒေါ်ဆိုင်းပါ၊ (၃) ဒေါ်ဆိုင်းရာတို့သုံးဦး၏ သဘောတူဆုံးဖြတ်ချက်အရ ၂၄-၃-၂၀၀၉ရက်စွဲပါ လုပ်ငန်းဖျက်သိမ်းခြင်း ကတိစာချုပ်ချုပ်ဆို၍လုပ်ငန်းဖျက်သိမ်းခဲ့ကြောင်း၊ K-Trio အထည်ချုပ်လုပ်ငန်းဖျက်သိမ်းခြင်း ကတိစာချုပ်နှင့်အတူ (၁)ဒေါ်ယွန်နူး၊ (၂)ဒေါ်ဆိုင်းပါ၊ (၃) ဒေါ်ဆိုင်းရာတို့ သုံးဦးသည် ၂၄-၃-၂၀၀၉ ရက်စွဲဖြင့် ဝန်ခံကတိစာချုပ်တစ်စောင် ချုပ်ဆိုခဲ့ကြကြောင်း၊ ယင်းဝန်ခံကတိစာချုပ်အရ K-Trio အထည်ချုပ်လုပ်ငန်း ဆုံးရှုံးမှုငွေကျပ် ၃၃၀၀၀၀၀၀(ကျပ်သိန်းသုံးရာ့သုံးဆယ်)ကို တစ်ဦးလျှင်ငွေကျပ် ၁၁၀၀၀၀၀၀ (ကျပ်သိန်းတစ်ရာ့တစ်ဆယ်)စီ ကျခံရန်နှင့် ယင်းဆုံးရှုံးကျခံငွေများကို ဒေါ်ဆိုင်းပါနှင့် ဒေါ်ဆိုင်းရာတို့က ၂၅-၃-၂၀၀၉ ရက်တွင် ဒေါ်ယွန်နူးအား ပေးရန်နှင့် ဒေါ်ယွန်နူးက မိမိပိုင်ပစ္စည်းရယူ၍ အပြီးအပိုင်ထွက်ခွာပေးရန်ဖြစ်ကြောင်း၊ ဒေါ်ဆိုင်းပါနှင့် ဒေါ်ဆိုင်းရာတို့သည် ၂၄-၃-၂၀၀၉ ရက်တွင် ငွေကျပ် ၁၁၀၀၀၀၀၀ (ကျပ်သိန်းတစ်ရာ့တစ်ဆယ်)ကို ဒေါ်ယွန်နူးအား ပေးချေခဲ့ကြကြောင်း၊ ကျန်ငွေကျပ် ၁၁၀၀၀၀၀၀ (ကျပ်သိန်းတစ်ရာ့တစ်ဆယ်)ကို ၃၁-၃-၂၀၀၉ရက်နောက်ဆုံးထားပေးချေရန်ကတိပြုသော်လည်း ပေးချေခြင်းမပြုဘဲကတိပျက်ကွက်နေခဲ့ခြင်း၊ ထို့အပြင် K-Trio အထည်ချုပ်အား ဖျက်သိမ်းသည့်အတွက် အလုပ်သမား၅၇ဦးအတွက် လျော်ကြေးငွေကျပ်၄၃၀၀၀၀၀ (ကျပ်လေးဆယ့်သုံးသိန်း)ကိုလည်း သုံးဦးအချိုးကျ ကျခံရန်ကတိပြုခဲ့သော်လည်း လူကြီးမင်းဒေါ်ဆိုင်းပါနှင့် ဒေါ်ဆိုင်းရာတို့ ကတိအတိုင်းပေးခဲ့ခြင်းမရှိ၍ ဒေါ်ယွန်နူးအနေဖြင့် K-Trio အထည်ချုပ်လုပ်ငန်း၏ အလုပ်သမားများလျော်ကြေးကို ပေးချေနိုင်ခြင်းမရှိကြောင်း သိရှိရပါသည်။ လူကြီးမင်းဒေါ်ဆိုင်းပါနှင့် ဒေါ်ဆိုင်းရာတို့အနေဖြင့် ဝန်ခံကတိစာချုပ်ပါအတိုင်း လုပ်ငန်းဆုံးရှုံးမှုအတွက် ပေးရန်ကျန်ရှိသည့်ငွေကျပ် ၁၁၀၀၀၀၀၀ (ကျပ်သိန်းတစ်ရာ့တစ်ဆယ်)နှင့် အလုပ်သမားများလျော်ကြေးငွေ ၂၈၆၆၆၆၆ကျပ်တိတိကို ခုနစ်ရက်အတွင်းပေးချေရန်နှင့် ထိုသို့ကျန်ငွေ ပေးချေမှုပြုပါက K-Trio အထည်ချုပ်လုပ်ငန်းရှိ စက်ပစ္စည်းများကို ယူဆောင်ခြင်းမပြုလုပ်ရန်နှင့် K-Trio အထည်ချုပ်လုပ်ငန်းအတွင်းရှိ လူကြီးမင်းများ၏အလုပ်သမားများအား ဖယ်ရှားထွက်ပေးရန် အလေးအနက် အသိပေး အကြောင်းကြား တောင်းဆိုအပ်ပါသည်။ ပျက်ကွက်ခဲ့ပါက ဒေါ်ယွန်နူး၏ ညွှန်ကြားချက်အရ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးချစ်ကိုကို
LL.B, H.G.P, Dip in Business Law.,
Dip in Applied Psychology., Dip in Maritime Law
(တရားရုံးချုပ်ရှေ့နေကြီးနှင့် စီးပွားရေးလုပ်ငန်းဥပဒေအကြံပေးပုဂ္ဂိုလ်)
အမှတ်၆၀၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၂၉၂၄။

ဦးအောင်မြင့်ထွန်း (LL.B)
တရားရုံးချုပ်ရှေ့နေ။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူမောင်သန်းဦး အမျိုးသားမှတ်ပုံတင်အမှတ် TTE-၁၇၅၃၇၂သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘကို စိတ်ဆင်းရဲမှုအမျိုးမျိုးဖြစ်အောင် ပြုမူနေပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်မယူပါ။ **ဒေါ်လှရွှေ**
နတ်စင်စုကျေးရွာ၊ကံဘဲ့(စံပြ)ကျေးရွာအုပ်စု၊ တွံတေးမြို့နယ်။

ရှောင်လေ ဝေးဝေး မူးယစ်ဆေး

နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြှင့်တင်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းစတင် တည်ဆောက်ရေးစီမံကိန်းကို အဆင့်သုံးဆင့်ဖြင့် အကောင်အထည်ဖော်ရန် စီစဉ်ထား

စီမံကိန်းပထမဆင့်တွင် တစ်နှစ်လျှင် ခရီးသည် ၃ ဒသမ ၅ သန်းခန့် ဝင်ထွက်နိုင်ရေး ဝန်ဆောင်မှုလုပ်ငန်းများအတွက် လိုအပ်မည့်အဆောက်အအုံများ ထည့်သွင်းတည်ဆောက်သွားမည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦး နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်ပန္နက်တင် တွင်းတော်ဝန်း(ပိုင်ရိုက်) မင်္ဂလာအခမ်းအနားတွင် ပထမရတနာပိုင်တိုင်တော်ကို စက်ခလုတ်နှိပ်၍ ရတနာပိုင် ကိုးချက်ရိုက်တင်ပေးစဉ်။(သတင်းစဉ်)

နေပြည်တော် ဧပြီ ၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးသည် ယနေ့နံနက် ၇နာရီတွင် နေပြည်တော်လေဆိပ်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည့် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်ပန္နက်တင် တွင်းတော်ဝန်း(ပိုင်ရိုက်) မင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ ရတနာပိုင်တိုင်တော်အား စက်ခလုတ်နှိပ်၍ ရတနာပိုင် ကိုးချက်ရိုက်တင်ပေးသည်။

တက်ရောက်

အဆိုပါ မင်္ဂလာအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

ရန်ကုန် ဧပြီ ၇

မြန်မာ့နှစ်သစ်ကူး ရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ် သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် ကြေးမုံသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ နားမည်ဖြစ်သည်။

ဧပြီ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာ နားမည်ဖြစ်သည်။

ဧပြီ ၂၂ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။

(သတင်းစဉ်)

အုတ်တွင်းမြို့နယ်နှင့် ဖြူးမြို့နယ်ရှိ စိုက်ပျိုးမြေဧက တစ်သိန်းအတွက် ရေပေးဝေနိုင်မည့် ဖြူးချောင်းရေလှောင်တမံ စီမံကိန်း

သတင်းမြင်ကွင်း
ကျော်စိန်

ဓာတ်ပုံမှတ်တမ်း
အောင်သန်း(မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု
တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၇

ဖြူးမြို့မှ မော်တော်ယာဉ်ဖြင့် ထွက်ခွာချိန်သည် မွန်းလွဲ ၁နာရီ....။ ပဲခူးရိုးမအရှေ့ခြမ်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှ ခြောက်မိုင်အကွာရှိ ဖြူးချောင်းတမံ စီမံကိန်းကို အဝေးမှ လှမ်းမြင်ရသည်။ နေရာမလပ် ဒေသမရွေး တည်ဆောက်ပေးနေသော ဆည်မြောင်း၊ တာတမံ၊ ရေထိန်းတံခါးနှင့် ရေလှောင်ကန်များကား နိုင်ငံတစ်ဝန်း လက်ညှိုးထိုးမလွဲအောင် တည်ရှိနေပေပြီ။

သီးနှံစိုက်ခင်း

ဖြူးမြို့မှ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ သွားရာလမ်းဘေး တစ်ဖက်တစ်ချက်၌ နွေစပါးစိုက်ခင်းများနှင့် *စာမျက်နှာ ၁၀ ကော်လံ ၁* ●

ဖြူးချောင်းရေလှောင်တမံ

ဖြူးချောင်းရေလှောင်တမံ တည်ဆောက်ရေး လုပ်ငန်းခွင်ကို ဤသို့ တွေ့ရသည်။

(မြန်မာ့အလင်း)

8-4 (20).pmd 1 4/8/2009, 3:34 AM